# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၃)


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ သမိုင်းအကျဉ်း၊ တည်နေရာ၊ တက္ကသိုလ်၏ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ လေ့ကျင့်ရေးနှစ်တစ်နှစ်အတွင်း လေ့ကျင့်ပေးရန်လျာထားမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ ၁၉၉၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့မှု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။


ယနေ့ ဖတ်စရာ

ယုံကြည်စိတ်ချရဆုံးသော မိတ်ဆွေရင်း မိတ်ဆွေစစ် — ဆောင်းပါး — စာ ၆

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၅



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရဲအရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေမှုများကို ရှင်းလင်းတင်ပြစဉ်။

❖ *ရှေ့ဖုံးမှ*

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့မှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ ဌာနများအလိုက် ဝန်ထမ်းများဖွဲ့စည်းခန့်အပ်ထားရှိမှု၊ သင်တန်းသားများအား သင်တန်းများ လေ့ကျင့်သင်ကြားပေးလျက်ရှိမှု၊ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ဆောင်များအား ပြန်လည်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံများနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး သင်တန်းသားများနှင့် ဝန်ထမ်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် သင်တန်းများအလိုက် သင်တန်းအချိန်ခွဲဝေမှု၊ သင်တန်းအဆင့်သတ်မှတ်ချက်များ၊ သင်ခန်းစာများ ခေတ်စနစ်နှင့်လျော်ညီမှုရှိစေရေးနှင့် တက္ကသိုလ်များ၏ မျှော်မှန်းချက်များအတိုင်းဖြစ်စေရေး ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခွင့် မဆုံးရှုံးစေရန်အတွက် သင်တန်းသားအရေအတွက် ပိုမိုလေ့ကျင့်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဗဟိုဝန်ထမ်းတက္ကသိုလ်သည် ယခင်ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို ဆိုရှယ်လစ်ခေတ်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင် တူညီသည့် သဘောထားများ ဖြစ်စေရန်၊ ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သို့သော် နိုင်ငံ့ဝန်ထမ်းဦးရေအရ လုံလောက်မှုမရှိသေးသဖြင့် လက်ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် သင်တန်းသားဦးရေများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် သင်တန်းများ တက်ရောက်ပြီးမှသာ ရာထူးတိုးခြင်းများကို ဆောင်ရွက်ပေးမည်ဟု သတ်မှတ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အနာဂတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ဝန်ကြီးဌာနအားလုံးရှိ နိုင်ငံ့ဝန်ထမ်းများ

- **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိလာမည်**
- **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့် စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို**

အားလုံး ပုံစံတကျဖြစ်စေရန်အတွက် ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံသားတိုင်းအနေဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ရေး အခြေခံစစ်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ **အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်**ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၏ ရည်မှန်းချက်မှာ နိုင်ငံတော်အတွက် လိုအပ်သည့် ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ယခုနိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရုံးလုပ်ငန်းစည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်မှုလုပ်ငန်းများ စနစ်တကျဖြစ်စေရေး အမှုထမ်းများ၊ အရာထမ်းများအား ဘာသာရပ်များအလိုက် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ သင်ကြားပေးရာတွင်လည်း ထိရောက်သည့် သင်ကြားလေ့ကျင့်မှုများ ဖြစ်ရန်လိုကြောင်း၊ **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်**ကြောင်း၊ **အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့်စိတ်ရှိသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးကြရန်လို**ကြောင်း၊ သင်ကြားပေးသည့် ဘာသာရပ်များ ထိရောက်အကျိုးရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန် လိုကြောင်း။

ဥပဒေနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြရန်လိုကြောင်း၊ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်းအားလုံး ဥပဒေကို သိရှိနားလည်ကြရန်လိုအပ်သဖြင့် အခြေခံပညာအဆင့်မှစတင်၍ ဥပဒေအသိပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလုံးသည်လည်း အသက် ၁၈ နှစ်ပြည့်ပြီးသူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်နေရန်လိုအပ်ပြီး သင်တန်းများ ဖွင့်လှစ်သင်ကြားရာတွင် ဥပဒေပညာရပ်များကိုထည့်သွင်းသင်ကြားပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ရုံးလုပ်ငန်းစည်းမျဉ်းများ စနစ်တကျရှိစေရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှစတင်၍ အခြေခံရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း။

သင်တန်းသားများ၏ စားသောက်နေထိုင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ထိုက်သင့်သည့် နှုန်းထားဖြစ်စေရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုများ၏ စားရေးကို အထောက်အကူပြုစေမည့် ရာသီသီးနှံများကို စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဝန်ထမ်းများအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ သင်တန်းသားများနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များအတွက် လိုအပ်သည့် ကြက်ဥများ၊ အသားများ လုံလောက်စွာရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ တွက်ချက်မွေးမြူရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နီလာခန်းမနှင့် မဟော်သဓခန်းမတို့အား လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခတ္တာဆောင်ရှိ သင်တန်းသူအိပ်ဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ အခြေခံ ဆရာ ဆရာမအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၂) သင်တန်းသူဆရာမများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး နေ့လယ်စာသုံးဆောင်အပြီးတွင် သင်တန်းသူ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) သို့ ရောက်ရှိရာ လေ့ကျင့်ရေးဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရဲအရာရှိများအား လေ့ကျင့်ပေးနေသည့်ကျောင်းများနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးနေသည့် ကျောင်းများ၏ သမိုင်းအကျဉ်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း သမိုင်းအကျဉ်းကိုလည်းကောင်း၊ ရဲအရာရှိ လေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်) ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းများအလိုက် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့မှု၊

*စာမျက်နှာ ၄ သို့*






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်

**❝ ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်ကြောင်း၊ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ❞**

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား သင်တန်းသူများအား ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ရဲအရာရှိ လေ့ကျင့်ရေးသင်တန်းကျောင်း၊ ဗဟိုမီးသတ် သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ နည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းသုံးခုမှ သင်တန်းသား သင်တန်းသူများကို လိုအပ်သည်များ မှာကြားနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းများသည် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းနိုင်မည်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းဟူ၍ရှိပြီး အစိုးရက နိုင်ငံရေးဦးဆောင်မှုပေး၍ မူဝါဒချမှတ်ပေးကာ နိုင်ငံ့ဝန်ထမ်းများက အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ **အစိုးရအဖွဲ့မှ နိုင်ငံရေးအရ ဦးဆောင်သူများအနေဖြင့် အပြောင်းအလဲရှိနိုင်မည်ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ မိမိတို့တာဝန်များအလိုက် ဆက်လက်ထမ်းဆောင်ရခြင်းဖြစ်**ကြောင်း၊ နိုင်ငံရေးတွင် အာဏာရပါတီအလိုက်၊ အစိုးရအဖွဲ့အလိုက် မူဝါဒများကွဲပြားသွားမည်ဖြစ်သော်လည်း ရုံး/ဌာနများအနေဖြင့် ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း။

**ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများ ဖြစ်**ကြောင်း၊ **ရွေးချယ်ခံဝန်ထမ်းများ ဖြစ်သဖြင့် သာမန်နေ၍ ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်**သွားကြရန်လိုကြောင်း၊ လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့် ဘဝကိုပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့်လည်း မိမိတို့ ဝန်ထမ်းသက်တမ်းတစ်လျှောက် တက်ရောက်ရမည့် သင်တန်းများအားလုံးတွင် စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေးအရင်းအနှီးများစွာ ကုန်ကျခံ သင်ကြား လေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် လည်း သင်တန်းမှ သင်ကြားပေးသည်များကို တန်ဖိုးထား၍သင်ယူသွားကြရန် လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို မှန်မှန်ကန်ကန် သိရှိနားလည်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၅ သို့*

---

*စာမျက်နှာ ၃ မှ*

စာပေပညာ၊ စစ်ပညာနှင့် ကြံ့ခိုင်ရေးဘာသာရပ်များ သင်ကြား လေ့ကျင့်ပေးလျက်ရှိမှု၊ သင်တန်းကျောင်းများအလိုက် ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှု၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေများ၊ သင်တန်းများအလိုက် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လေ့ကျင့်ရေးအဆောက်အအုံများ၊ အထောက်အကူပြုယာဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ပြည်သူ့ဆက်ဆံရေးကောင်းမွန်၍ အလေ့အကျင့်ကောင်း(Good Practice) ရှိသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ရဲတပ်ဖွဲ့ဝင် အရာရှိများနှင့် အခြားအဆင့်များ၏ လေ့ကျင့်ရေးကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ရသည့် အဖွဲ့အစည်းများဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန် လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲဥပဒေများကိုသာမက ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ထုတ်ပြန်ထားသည့် ဥပဒေများအားလုံးကို မရှိမဖြစ်သိရှိနားလည်နေရန် လိုအပ်သဖြင့် ဥပဒေအသိပညာများကို သင်ကြားပေးရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်အတွက် တပ်ပြင်စည်းရုံးရေး ပညာရပ်များကို သင်ကြားပေးရန်လိုကြောင်း၊ အသိပညာအားနည်းသည့်သူများအနေဖြင့် ဥပဒေကို လိုက်နာမှုအားနည်းကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသအလိုက် ပြည်သူများ၏ စည်းကမ်းလိုက်နာမှုကိုကြည့်၍ စည်းကမ်းထိန်းသိမ်းမှုများကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များကသာ ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်များမြင့်မားလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများကို စဉ်ဆက်မပြတ်မွေးထုတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်း (Good Practice) များ ရရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လို**ကြောင်း၊ ထိုသို့လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ဝတ်စားဆင်ယင်မှုစည်းကမ်းမှအစ နေ့စဉ်ဆောင်ရွက်ရမည့် နိစ္စဓူဝလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ သမားစဉ်ဆောင်ရွက်ရမည့် ကျန်းမာကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေး၊ ဝတ်စားဆင်ယင်မှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏အမြင်ကောင်းမွန်စေရေး တာဝန်ထမ်းဆောင်ချိန်များတွင် အရက်၊ ဆေးလိပ်၊ ကွမ်း သုံးစွဲမှုများကို တစ်ဦးချင်း ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများ ရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက် *စာမျက်နှာ ၅ သို့*

**❝ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အလေ့အကျင့်ကောင်းများ ရရှိစေရေး သင်တန်းကျောင်းများမှစတင်၍ အခြေခံမှအစ လေ့ကျင့်ဆောင်ရွက်၍ ယုံကြည်ချက်၊ ခံယူချက်ကောင်းများရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်သွားရန်နှင့် “ကူညီပါရစေ” ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း ပြည်သူများက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက် ❞**

*စာမျက်နှာ ၄ မှ*
၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြတ်သန်းလာခဲ့သည့်ခေတ်အဆက်ဆက်၌ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများမှ ပေါက်ဖွားလာကြသူများ ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ပြည်သူများ လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး အဆင့်ဆင့်ဖော်ဆောင်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခက်အခဲ၊ အကျပ်အတည်းများကို တပ်မတော်မှပင် ဦးဆောင်၍ ဖြေရှင်းခဲ့ရကြောင်း၊ နိုင်ငံတော်တွင် ကြုံတွေ့ခဲ့ရသည့် သမိုင်းကြောင်းများကို မှန်မှန်ကန်ကန် လေ့လာသိရှိနားလည်ကြရန်လိုကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့သည် ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်ရမည့် အချက်များဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရ ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်းနောက်ခံများလည်း ရှိကြောင်း၊ အရှေ့နှင့်အနောက်၏ မတူညီသည့် သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရတည်ငြိမ်မှု ရရှိရန် လိုအပ်နေမှုများကို တည်ငြိမ်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်**ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန်လို**ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုများရှိကြောင်း၊ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရ အယူဝါဒကွဲပြားမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလများ၌လည်း လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှုများရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ အခြေအနေ ယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာ ပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့ရသောကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ်အတည်းများကို မိမိတို့အနေဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ရွေးကောက်ပွဲသည် အလွန်အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် ယခုလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကျင်းပပြုလုပ်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းများကို စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား နိုင်ငံတော်၏ လုံခြုံရေးအခြေအနေအရ အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစနစ်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ထားကြောင်း၊ **သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို**ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် ကျင့်သုံးခဲ့သည့် စီးပွားရေးစနစ်များကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ကုန်သွယ်မှုလိုငွေများ ရှိခဲ့ပြီး အဆိုပါလိုငွေများကို Non-Trade များမှ ရရှိသည့်ငွေများဖြင့် ပြန်လည်ဖြည့်တင်းခဲ့ကြကြောင်း၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင်လည်း ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ Non- Trade မှရသည့်ငွေများတွင် ပြည်ပမှချေးငွေများ၊ ထောက်ပံ့ငွေများပါဝင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်မှသာလျှင် ထုတ်ကုန်ပစ္စည်းများ ရရှိလာမည်ဖြစ်ပြီး ပြည်ပပို့ကုန်များလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြားမှ ကုန်သွယ်မှုလိုငွေများ လျော့နည်းစေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုအတွက် လိုအပ်သည့် ပို့ကုန်များကိုရရှိမည်ဖြစ်ကြောင်း၊ ပို့ကုန်များ ရရှိမှသာ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ လျော့နည်းလာမည်ဖြစ်ကြောင်း။

ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် နိုင်ငံခြားငွေကြေးဈေးနှုန်းများမြင့်တက်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်ပြီး ပိုလျှံသည့် ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင်လည်း ပြည်တွင်း၌ရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် အခြေခံစားကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်အတွက်ကုန်ကျနေရသည့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားကုန်၊ သုံးကုန်၊ သောက်ကုန်များကို ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သွားမည်ဆိုပါက နိုင်ငံခြားငွေများသုံးစွဲရမှု များစွာ လျော့နည်းသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများ၊ စီးပွားရေးအရ ဖြစ်ပေါ်နေသည့်အခြေအနေများကို သိရှိနားလည်နိုင်ရန် ယခုကဲ့သို့ အချိန်ယူ၍ အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံ၍ သင်တန်းလာရောက်တက်ကြရသူများဖြစ်သဖြင့် သင်တန်းတက်ရောက်နေရသည့် အချိန်အတွင်း အမှန်တကယ် တတ်မြောက်အောင် သင်ယူသွားကြရန်နှင့် သင်တန်းပြီးဆုံးပါက အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျရာတာဝန်များကို ထမ်းဆောင်ရချိန်တွင် အတိတ်တွင် ဖြစ်ပေါ်ခဲ့သည်များကို သင်ခန်းစာယူ၍ အကောင်းဆုံး ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> ❖ **နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရန်လိုပြီး သင်တန်းသား သင်တန်းသူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ တပ်မတော်သည် နိုင်ငံတော်တည်ရှိသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်း (Institution) ဖြစ်သဖြင့် တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲဆောင်ရွက်နိုင်သူများကို ရွေးချယ်၍ ဆန္ဒမဲပေးရန်လို”**

---

*စာမျက်နှာ ၄ မှ*
ပေးသွားရန်လိုကြောင်း၊ **“ကူညီပါရစေ”** ဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း ပြည်သူများက အားကိုးရသည့် ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ အတွေးအခေါ်များ ကောင်းမွန်တိုးတက်စေရေး စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

အုပ်ချုပ်မှုနှင့်ပတ်သက်၍ အုပ်ချုပ်မှုများ ညီညွတ်မျှတနေရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရာတွင် အုပ်ချုပ်မှုများ ညီညွတ်မျှတမှုရှိစေရေး ဒုရဲအုပ်သင်တန်းမှစတင်၍ သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် အထောက်အကူဖြစ်စေမည့် ကိုယ်ခံပညာရပ်များကို သင်တန်းကျောင်းများ၌ မဖြစ်မနေ သင်ကြားလေ့ကျင့်ပေးသွားရန် လိုကြောင်း၊ ထိုသို့သင်ကြားနိုင်ရန်အတွက်လည်း ကိုယ်ခန္ဓာများ ကြံ့ခိုင်သန်စွမ်းနေရန်လိုကြောင်း၊ ရဲတပ်ဖွဲ့သည် နိုင်ငံအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ဝင်ကောင်းများ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ နိုင်ငံ့တာဝန်ထမ်းဆောင်မှုများအပေါ်တွင်လည်း လေးစားအသိအမှတ်ပြုရန်လိုပြီး အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်ဖြင့် အတူတကွ တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း။

ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများစားသုံးနိုင်သည့် အသား၊ ငါး၊ ဥနှင့် သီးနှံများကို အဓိကထားစိုက်ပျိုး မွေးမြူသွားရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကိုလိုနီခေတ်တွင် အသုံးပြုခဲ့သည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများနှင့် ရဲတပ်ဖွဲ့တံဆိပ်၊ ပခုံးတံဆိပ်များ၊ လက်ရှိအသုံးပြုလျက်ရှိသည့် ရဲတပ်ဖွဲ့အသုံးအဆောင်ပစ္စည်းများ၊ အဆင့်တံဆိပ်များနှင့် ဝတ်စုံများ၊ ရဲတပ်ဖွဲ့သုံးလက်နက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပြည်ပနိုင်ငံများမှပေးပို့သည့် အမှတ်တရပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သင်တန်းကျောင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်း စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သင်တန်းသားများ ဗဟုသုတတိုးပွားစေရေးအတွက် စာအုပ်စာစောင်များ ဖတ်ရှုစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာကြည့်အတိုက်တွင်း စာအုပ်များစနစ်တကျထားရှိရန်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်လိုင်းခန်းအတွင်းရှိ ရဲမေများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယုံကြည်စိတ်ချရဆုံးသော မိတ်ဆွေရင်း မိတ်ဆွေစစ်

နေမင်းသျှင်

**မင့်စ်လမ်း(Street MINSKAYA)။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ရှိ ထီးဟန်နန်းဟန် တော်ဝင်ဆန်သော လမ်းအမည်များအကြားတွင် ဤလမ်း၏ အမည်က ထူးခြားနေသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ၏ မြို့တော် မင့်စ်မြို့၏အမည်ကို ဂုဏ်ပြုပြီး ဖွင့်လှစ်လိုက်သည့် ဤလမ်း၏အမည်က နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု မှတ်တမ်းတစ်ခုအဖြစ် အနာဂတ်ကာလတစ်လျှောက်တွင် တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။**



မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ထားခဲ့သည့် ၂၆ နှစ်တာကာလအတွင်း ယခု ၂၀၂၅ ခုနှစ်သည်ထူးခြားသည့်နှစ်ဖြစ်သည်။ **"၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများ များစွာရှိပြီး နှစ်နိုင်ငံအကြားသမိုင်းအသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်သည်"**ဟု ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E.Mr. Aleksandr Lukashenko ကဆိုသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် တစိုက်မတ်မတ် ခိုင်မာနက်ရှိုင်းလာခဲ့ရာ ယခုကာလတွင် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

### နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ပိုမိုအားကောင်းလာ

ယခုနှစ်အတွင်း နှစ်နိုင်ငံအကြီးအကဲတို့၏ ပထမဆုံးသော တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်နိုင်ခဲ့သလို နှစ်နိုင်ငံအကြီးအကဲတို့၏ တွေ့ဆုံမှုမှာလည်း ယခုနှစ်အတွင်း ခြောက်ကြိမ်တိုင်တိုင်ရှိခဲ့သည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းက နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေသည်။

### ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စာချွန်လွှာများ လက်မှတ်ရေးထိုး

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ယခုနှစ်မတ်လအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယခု ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများဖြစ်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ၊ တရားမဝင်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နည်းလည်မှုစာချွန်လွှာများကို နှစ်ဖက်လက်မှတ်များ ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြခြင်းဖြစ်သည်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အချက်များစွာပါဝင်ပြီး ယင်းလမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမို အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။**

### သဘောတူစာချုပ် ၁၆ စောင် အပြန်အလှန်လဲလှယ်

မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်မြို့တွင် ကျင်းပရာ နှစ်နိုင်ငံဘက်မှ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါစီးပွားရေးဖိုရမ်ကို နှစ်နိုင်ငံ ကုန်သည်စက်မှုအသင်းများဖြစ်ကြသော UMFCCI နှင့် Bel CCI တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ရလဒ်ကောင်းများရရှိခဲ့သည်။ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ် ရေးထိုးခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင်ကို အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Aleksandr Lukashenko တို့သည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်း နိုင်ငံတော်သမ္မတ အိမ်တော်၌ ကျင်းပသည့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှင်းလင်းပြောကြားချက်တွင် **"ဒီနေ့ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံပြီးတဲ့နောက်မှာ အရင်တွေ့ဆုံဆွေးနွေးချက်များနဲ့ သဘောတူညီချက်များ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ ကဏ္ဍများစွာ၊ အထူးသဖြင့် ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ အားကစားနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်"**ဟု ထည့်သွင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့နှင့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဆင့်သို့ တိုးမြှင့်သွားရန်နှင့် ဘယ်လာရုစ်နိုင်ငံ၏ ကိုယ်စားလှယ်ရုံးကိုလည်း မြန်မာနိုင်ငံတွင် ဖွင့်လှစ်သွားရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### မည်သည့်ကြားဝင် နှောင့်ယှက်မှုကိုမှ ဂရုမပြုဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးကလည်း **"ကျွန်တော်တို့တွေ့ဆုံမှုမှာ နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ဒီဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ ဆေးဝါးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ အရေးကြီးတဲ့အခန်းကဏ္ဍတွေကို ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါတယ်"**ဟု ထည့်သွင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ မည်သည့်ကြားဝင်နှောင့်ယှက်မှုကိုမှ ဂရုမပြုဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် ရလဒ်များအရ မြန်မာနိုင်ငံအတွက် လိုအပ်နေသည့် လိုအပ်ချက်များအားလုံးကို ဘယ်လာရုစ်ဘက်က ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေသည့် အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံက ဖြည့်ဆည်းပေးနိုင်သည်ဆိုသည့် အချက် ထွက်ပေါ်လာသည်။ သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်သွယ်စီးပွားတိုးမြှင့်နိုင်သည့် အခွင့်အလမ်းကောင်းများရှိနေသည်။

မိမိတို့အနေဖြင့် ဘယ်လာရုစ်နိုင်ငံမှ ပစ္စည်းများကို ရောင်းချခြင်းသာမက နှစ်နိုင်ငံပူးပေါင်း၍ စက်ရုံများ တည်ထောင်ခြင်း၊ ကုမ္ပဏီများ တည်ထောင်ခြင်းတို့ ပြုလုပ်ရန် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံကလိုအပ်ချက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံတွင် ပူးတွဲကုမ္ပဏီများ တည်ထောင်လိုကြောင်းတို့ကိုလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးက ပြောကြားခဲ့သည်။ ဥရောပတိုက်အလယ်ပိုင်းတွင် တည်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံသည် တည်နေရာအနေအထားအရ မြန်မာနိုင်ငံနှင့် အလှမ်းကွာဝေးသော်လည်း နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေးတို့ နှစ်မျိုးလုံးရှိနေပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှုအပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်။

*စာမျက်နှာ ၇ သို့*

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့် အချက်များစွာပါဝင်ပြီး ယင်းလမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားခြင်းအားဖြင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် **၂၆ ရက်** သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

## မော်လိုက်မြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းကောက်ယူ

ဝန်းသို ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့က စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးစာရေးများ၊ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများပါဝင်သည့် စာရင်းကောက်ယူရေးအဖွဲ့များက မြို့မ (၂) ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း၍ ကို ဒုတိယအကြိမ် မဲစာရင်းမဲစာရင်းတွင် ပါဝင်မှု ရှိ/မရှိ၊ မဲစာရင်းမှန်ကန်မှုရှိ/မရှိ စာရင်းကောက်ယူတိုက်ဆိုင် စစ်ဆေးပြီး လိုအပ်သည့် အချက်အလက်များကို ဒုတိယအကြိမ် မဲစာရင်း ကြေညာထားသည့် အချိန်ကာလအတွင်း မဲစာရင်းပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ကိုထက် (ပြန်/ဆက်)

## ကန့်ကြီးထောင့်မြို့နယ်၌ မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

ကန့်ကြီးထောင့် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ အသက်(၁၈)နှစ်ပြည့်ပြီးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်မကျန်ရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်း၍ မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၂၇ ရက်ကစတင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကန့်ကြီးထောင့် (ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

*စာမျက်နှာ ၆ မှ*

### မြန်မာနိုင်ငံအပေါ် အကူအညီများ ပေးအပ်ခဲ့သည့် နိုင်ငံဖြစ်

ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာ မျက်နှာစာတွင်လည်းကောင်း မြန်မာနိုင်ငံဘက်မှ ရပ်တည်ကာ အကူအညီများ တစိုက်မတ်မတ် ပေးအပ်ခဲ့သည့် နိုင်ငံလည်းဖြစ်သည်။

**ဘယ်လာရုစ်နိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့- SCO ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ယခုနှစ်ဇန်နဝါရီ ၁ ရက်တွင် BRICS အဖွဲ့၏ မိတ်ဖက်နိုင်ငံ (partner country) ဖြစ်လာသည်။ ထို့အပြင် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU)ဝင် ငါးနိုင်ငံ၌ ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခု ၂၀၂၅ ခုနှစ်သည် ဘယ်လာရုစ်နိုင်ငံက EAEU ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရသော နှစ်ဖြစ်သည်။**

စက်မှုနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေသည့် ဘယ်လာရုစ်သည် စက်မှု၊ ဆေးဝါးနည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကို ပိုင်ဆိုင်ထားသည်။ လယ်ယာစိုက်ပျိုးရေးအခြေခံသည့် မြန်မာနိုင်ငံ၌ မရှိမဖြစ်လိုအပ်သော ဓာတ်မြေသြဇာထုတ်လုပ်ရေးတွင် ဘယ်လာရုစ်သည် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံသို့ ဓာတ်မြေသြဇာ တင်သွင်းမှုမြှင့်တင်နိုင်သလို မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံမှ လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက်လည်း နှစ်နိုင်ငံအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိနေသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်အကြီးအကဲတို့၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲများ၊ စီးပွားရေးဖိုရမ်များ၌ ဆွေးနွေးမှုများအတွင်း ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည့်အလျောက် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှာ မကြာမီအကောင်အထည်ပေါ်လာနိုင်မည်ဖြစ်သည်။

### မိတ်ရင်းဆွေရင်း ဆက်ဆံရေး၏ နက်ရှိုင်းမှုကို ဖော်ပြ

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှာ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အဟန့်အတား၊ အနှောင့်အယှက် အဖျက်အဆီးများက နှစ်နိုင်ငံ၏ ခံစားချက်ကို တူညီစေပြီး အပြန်အလှန် နားလည်စာနာမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြစ်ပေါ်စေသည်။ **"မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ အရေးပါတဲ့မိတ်ဆွေရင်း၊ မိတ်ဆွေစစ်နိုင်ငံတွေဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ယုံကြည်စိတ်ချရဆုံးသော နိုင်ငံဖြစ်စေရမှာဖြစ်သလို မြန်မာနိုင်ငံဟာလည်း ဘယ်လာရုစ်ရဲ့ ယုံကြည်စိတ်ချရဆုံးနိုင်ငံ ဖြစ်စေရမှာဖြစ်ပါတယ်"** ဟူသော နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြောကြားချက်က နှစ်နိုင်ငံကြား တည်ရှိနေသည့် မိတ်ရင်းဆွေရင်း ဆက်ဆံရေး၏ နက်ရှိုင်းမှုကို ဖော်ပြနေသည်။

**"ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း မြန်မာနိုင်ငံဘက်မှ ရပ်တည်ကာ အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့- SCO ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် BRICS အဖွဲ့၏ မိတ်ဖက်နိုင်ငံ (partner country) ဖြစ်လာသည်။ ထို့အပြင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ဝင် ငါးနိုင်ငံ၌ ပါဝင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခု ၂၀၂၅ ခုနှစ်သည် ဘယ်လာရုစ်နိုင်ငံက EAEU ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရသောနှစ်ဖြစ်"**

နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် အနီးကပ်ဆုံးနှင့် အမြင့်ဆုံးသို့ရောက်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့က နှစ်နိုင်ငံနှင့် နှစ်ဖက်ပြည်သူတို့၏ အကျိုးစီးပွားကို မြင့်မားအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Aleksadr Lukashenko ၏ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် မှတ်တမ်းတင်နိုင်သည့် ခရီးစဉ်တစ်ခုဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အမြင့်ဆုံးသို့ ရောက်ရှိခြင်းကို မှတ်ကျောက်တင်သည့်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးသစ်ပင်ကို နေပြည်တော်ဥယျာဉ်အတွင်း အမှတ်တရစိုက်ပျိုးခဲ့သည်။

ဘယ်လာရုစ်-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ကံ့ကော်ပင်သည် သဘာဝဘေးဒဏ်တို့ကို ကြံ့ကြံ့ခံကာ ရှင်သန်ဖွံ့ဖြိုးရင်း ဖြူစင်လှပမွှေးပျံ့သော ပန်းတို့ဝေဆာဖူးပွင့်လာမည် ဖြစ်သကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်း ဆောင်ရွက်မှုတို့မှ ထွက်ပေါ်လာသည့် အကျိုးစီးပွားတို့သည်လည်း နှစ်နိုင်ငံပြည်သူများအတွက် လှပမွှေးပျံ့သည့် ပန်းများသို့နှယ် ဖူးပွင့်ဝေဆာလာမည့် အနာဂတ်ဆီသို့ ရည်မျှော်ကြည်နူးမိပါကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (United Nations Population Fund– UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် UNFPA ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

လက်ခံတွေ့ဆုံရာသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ၅၀၀ ကေဗွီ စပါးကြွယ်(တောင်ငူ)ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတိုးတက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ စပါးကြွယ်ကျေးရွာအနီးတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ စပါးကြွယ် (တောင်ငူ) ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းယာယီရုံးလင်းဆောင်၌ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ)ဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ စပါးကြွယ် (တောင်ငူ)ဓာတ်အားခွဲရုံတို့၏စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ဓာတ်အားခွဲရုံများ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်စီမံကိန်းလုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မန္တလေးလျှင်ကြီးကြောင့် ထိခိုက်သွားသော Shunt Reactor Bushing ပျက်စီးသွားမှုကို အမြန်ဆုံး စစ်ဆေးပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိအမြဲရှိစေရေး ဂရုပြုဆောင်ရွက်သွားရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ Switch Yard အတွင်း ထရန်စဖော်မာများ၊ Shunt Reactor နှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ စပါးကြွယ် (တောင်ငူ) ဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၁ ဒသမ ၀၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ မြို့ကြီးများရှိ လူစည်ကားရာနေရာများတွင် **“ဒို့အတူတူ မဲပေးကြမယ်”**၊ **“ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့”** Billboard များ စိုက်ထူခြင်း၊ တက္ကသိုလ်/ကောလိပ်များ၊ လူစည်ကားရာ နေရာများတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရန်ကုန်မြို့ရှိ YBS ကားများတွင် ကြော်ငြာကပ်ခြင်းများ ဆောင်ရွက်၍ ပြည်သူများ မဲရုံများသို့သွားရောက်၍ မဲပေးနိုင်ရေး လှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးရဲတင့် ငွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက ချောက်မြို့နယ် ငွေးချိုကျေးရွာ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ထို့နောက် ကျောင်းခန်းမ၌ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ချောက်မြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လူငယ်ရေးရာကိစ္စများ ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီးက လူငယ်ဘဝ၌ ပညာကိုအဓိကသင်ယူကြရန်ဖြစ်ကြောင်း၊ အတတ်ပညာသာမက ဗဟုသုတပြည့်စုံပြီး မှန်ကန်စွာ တွေးခေါ်စဉ်းစားတတ်သည့် ဗလငါးတန်နှင့် ပြည့်ဝသော လူငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးနှင့် ဖွင့်လှစ်ပေးထားသည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များကို ကျွမ်းကျင် တတ်မြောက်အောင် ကြိုးစားကြရန်လိုကြောင်း၊ ထူးချွန်စွာ အောင်မြင်ကြပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် သိပ္ပံများ၊ တက္ကသိုလ်များသို့ ကူးပြောင်းတက်လှမ်း သင်ကြားနိုင်ကြမည်ဆိုပါက ဒေသအတွက်နှင့် နိုင်ငံအတွက် အကျိုးပြုမည့် လူငယ် အတတ်ပညာရှင်များ ဖြစ်လာပြီး ဒေသဂုဏ်ကို မြင့်မားစေနိုင်ကြောင်း။

နိုင်ငံတော်က **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဆိုသည့် ရည်မှန်းချက်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ထူးချွန်ထက်မြက်သော၊ ဗလငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွန်းလာစေရေး မိဘများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ လူငယ်များ အသိပညာဗဟုသုတပြည့်ဝရေး စာပေလေ့လာဖတ်ရှုမှုကို အားပေးကြရန်နှင့် ကျောင်းစာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးနေစေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် ပြည်သူလူထု၏ လိုလားချက်နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေး မကြာမီကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်အောင် ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အဖျက်အမှောင့်သမားများကို ဝိုင်းဝန်းဖော်ထုတ်ပြီး ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေး၊ မိမိဒေသနှင့် နိုင်ငံ့အကျိုးကို အမှန်တကယ်စွမ်းဆောင်ပေးနိုင်မည့် သူများကို ရွေးချယ်မဲပေးသင့်ကြကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် စာအုပ်စာစောင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယဝန်ကြီးက ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆောင်ရွက်ရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လုပ်ငန်းတာဝန်များ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေးတို့ကို မှာကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် UNFPA မှ လျော့ပါးသင့်ဒေသများအတွက် Dignity Kits များ ထောက်ပံ့ပေးခဲ့မှု၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ အကြမ်းဖက်ခံရသည့် အမျိုးသမီး များအား ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Centre-OSWSC) များတွင် အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် UNFPA မှ ထောက်ပံ့ပေးနေမှု၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စများ ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုနှင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNFPA တို့အကြား ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းအစီအစဉ် Workplan အား သက်တမ်းတိုးလက်မှတ်ရေးထိုး၍ လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပျဉ်းမနားမြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အကြိုအထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု မသန်စွမ်း အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် မသန်စွမ်းအားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အပြေးပြိုင်ပွဲ(အကြီးတန်းအဆင့် ကျား/မ)၊ အပြေးပြိုင်ပွဲ (အငယ်တန်းအဆင့် ကျား/မ)၊ ဝှီးချဲလ်အပြေးပြိုင်ပွဲ(ကျား/မ)၊ သံလုံးပစ်ပြိုင်ပွဲ(ကျား/မ)၊ သံပြားပစ်ပြိုင်ပွဲ (ကျား/မ)၊ လှံတံပစ်ပြိုင်ပွဲ (ကျား/မ) ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိကြသည့် မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မသန်စွမ်းအမျိုးသမီးများအတွက် အလှူငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဆောက်လုပ်ရေးရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော ပစ္စည်းများအသုံးပြုရေးနှင့် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ဒီဇင်ဘာအားကစားလ အားကစားလှုပ်ရှားမှုများ ကျင်းပရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက နေပြည်တော် အားကစားအသင်းများ အဆင့်မီ ဝင်ရောက်ယှဉ်ပြိုင်ရေး၊ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ နေပြည်တော်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများသို့ နေပြည်တော်အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ဒီဇင်ဘာလလူထုလှုပ်ရှားမှုအကြို လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**စလင်း ဒီဇင်ဘာ ၁**

စလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သန်စွမ်းစေရေး လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့်အားကစားပြိုင်ပွဲများကို ယမန်နေ့နံနက် ၆ နာရီက စလင်းမြို့၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ စလင်း-မင်းဘူး သွားကားလမ်းမပေါ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ မီးပွိုင့်လမ်းဆုံအထိ အသွားအပြန်လမ်းလျှောက်ကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မျက်နှာစာတွင် စုပေါင်းကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး အတွဲ(၁)၊ (၂)ကို စုပေါင်းဆောင်ရွက်ကြသည်။ ထို့နောက် ဌာနဆိုင်ရာများမှ ဝန်ထမ်းများစုပေါင်း၍ အားကစားပြိုင်ပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**




# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မကွေးတက္ကသိုလ်၊ မကွေးပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

**မကွေး ဒီဇင်ဘာ ၁**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်၌ ၂၀၂၄ ပညာသင်နှစ် အဝေးသင်သင်တန်းဘွဲ့ရရှိသည့် ဘွဲ့ရမောင်မယ်များ ဘွဲ့ဝတ်ရုံထုတ်ယူနေမှုနှင့် မကွေးတက္ကသိုလ်ရှိ ဘာသာရပ်အလိုက် စာသင်ဆောင်များနှင့် စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှုပြီး စာသင်ခန်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးပညာရေးဒီဂရီကောလိပ် ပညာဗိမာန်ခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးအဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး ပညာရေးဒီဂရီကောလိပ်ရှိ စာသင်ခန်း၊ စာကြည့်တိုက်နှင့် ကွန်ပျူတာခန်းများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၊ သင်ကြားရေး ဆရာ ဆရာမများအတွက် ထပ်မံတိုးချဲ့ဆောက်လုပ်ပေးမည့် Recreation centre၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မကွေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်သည့် အမှတ်(၁)၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများ၊ RADIO INTERNA-TIONAL SCHOOL နှင့် FAMILY ကိုယ်ပိုင်ကျောင်းများ၏ စာသင်ခန်းများ၊ စာကြည့်တိုက်များနှင့် အားကစားကွင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စာသင်ခန်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သင်ကြားရေးအဖွဲ့ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ

**အောင်ဇေယျဟိန်း**

*(ယမန်နေ့မှ အဆက်)*

### လောင်စာဆီ လိုအပ်ချက်ကို လျှော့ချနေပြီလား


EV ကြီးထွားလာမှုက လောင်စာဆီသုံးကားရောင်းအားအမြင့်ဆုံးဖြစ်ခဲ့သည့် ၂၀၁၇ ခုနှစ်နှင့် လောင်စာဆီလိုအပ်ချက်အမြင့်ဆုံးဖြစ်ခဲ့သည့် ၂၀၁၉ ခုနှစ်များအပြီး ယခုဆယ်စုနှစ်၏ အလယ်ပိုင်းတွင် လောင်စာဆီသုံးကားဈေးကွက်သည် အမြင့်ဆုံးသို့ ရောက်ရှိမည်ဟု ဆိုနိုင်သည်။ ပုံ-၃ တွင် တွေ့မြင်ရသည့်အတိုင်း လောင်စာဆီသုံးကားများအတွက် ရေနံလိုအပ်ချက်သည် ဆက်တိုက် တိုးတက်နေသော စွမ်းအင်စွမ်းရည် မြှင့်တင်စနစ်များနှင့် EV များ၏ ထွန်းကားလာမှုကြားတွင် ညှစ်ချုပ်ခံရမည်ဖြစ်သည်။ EV များသည် ကားရောင်းအား တစ်ခုလုံး၏ အများစုဖြစ်လာနိုင်ပြီး နောင်လာမည့် ၁၅ နှစ်အတွင်း လောင်စာဆီလိုအပ်ချက်၏ လေးပုံတစ်ပုံသည် သုညသို့ ကျဆင်းသွားမည်ဖြစ်သည်။ ကမ္ဘာ့တောင်ပိုင်း ဒေသများရှိ ဖွံ့ဖြိုးပြီးယာဉ်ဈေးကွက်များဖြစ်သည့် ဆိုင်ကယ်၊ သုံးဘီးယာဉ်များနှင့် လုပ်ငန်းသုံးယာဉ်များကလည်း EV လမ်းကြောင်းကို လျှောက်လှမ်းနေကြပြီဖြစ်ရာ ကုန်းကြောင်းပို့ဆောင်ရေးကဏ္ဍမှ ကမ္ဘာ့ရေနံဝယ်လိုအား၏တစ်ဝက်မှာ မကြာမီကျဆင်းသွားမည်ဟု သုံးသပ်နိုင်ပါသည်။

### EV တိုးတက်မှုကို မရပ်တန့်နိုင်

EV ရောင်းအားတိုးတက်မှုသည် S – မျဉ်းကွေးပုံစံဖြင့် တိုးတက်ရွေ့လျားလျက်ရှိပြီး နိုင်ငံတစ်ခုပြီး တစ်ခုသည် ဆင်တူသောလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသည်။ စီးပွားရေးသဘောတရားအရ နိုင်ငံများသည် ဈေးကွက်ဝေစုရာခိုင်နှုန်း ၁ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ ရောက်ရှိရန် နှစ်ပေါင်း ခြောက်နှစ်ခန့် ကြာမြင့်လေ့ရှိပြီး ထိပ်တန်းနိုင်ငံများအနေဖြင့် ရာခိုင်နှုန်း ၈၀ သို့ ရောက်ရှိရန် နောက်ထပ် နှစ်ပေါင်း ခြောက်နှစ်ခန့် အချိန်ယူရလေ့ရှိသည်။

လက်ရှိအချိန်အထိ EV ကြီးထွားမှုနှင့် အခြားနည်းပညာအသွင်ကူးပြောင်းမှု သင်ခန်းစာများကို အခြေခံထားသောလေ့လာမှုများအရ ပုံ-၄ တွင် စာဖတ်သူတွေ့မြင်ရသည့်အတိုင်း ၂၀၃၀ ပြည့်နှစ်တွင် EV ရောင်းချရမှုသည် အနည်းဆုံးလေးခါက်ချိုး တိုးတက်လာမည်ဖြစ်ပြီး ကမ္ဘာ့ကားရောင်းချမှု၏ ၆၂ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအထိ လွှမ်းမိုးလာမည်ဟု ခန့်မှန်းတွက်ချက်ထားကြပါသည်။ ၂၀၂၆ ခုနှစ် အစောပိုင်းတွင်ပင် EV ရောင်းချရမှုသည် လောင်စာဆီသုံးကားများ၏ ရောင်းချရမှု ရာခိုင်နှုန်းကို ကျော်တက်သွားနိုင်ပါသည်။

အစပိုင်းတွင် နှေးကွေးခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ EV အသုံးပြုမှုသည် ယခုအခါ အရှိန်ရလာခဲ့ပြီး




ပုံ-၃၊ ၂၀၄၀ ပြည့်နှစ်တွင် လောင်စာဆီလိုအပ်ချက် သိသာစွာလျော့ကျလာပုံ။

သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ကားများ၏ စုစုပေါင်းရောင်းချမှုပမာဏသည် ပြီးခဲ့သည့် တစ်နှစ်အတွင်း နှစ်ဆနီးပါးခန့် တိုးတက်လာခဲ့သည်။ ထို့ပြင် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၏ ပထမခြောက်လအတွင်း EV ၈၁၇၂၆ စီးရောင်းချခဲ့ရပြီး ယင်းပမာဏသည် ပြီးခဲ့သည့်နှစ် ပထမခြောက်လအတွင်း ရောင်းချနိုင်ခဲ့သည့် EV ၄၄၁၇၂ စီးဖြင့် နှိုင်းယှဉ်လျှင် ၁၀၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်းဖြစ်ကာ ၂၀၂၄-၂၅ တစ်နှစ်လုံးအတွင်း ရောင်းချခဲ့သည့် EV အရေအတွက် ၁၀၁၀၀၀ ခန့်၏ ၈၆ ရာခိုင်နှုန်းခန့် ရှိနေပြီး EV အသုံးပြုလာမှု၏ ကြီးထွားနှုန်းကို ထင်ဟပ်နေသည်။ ဤသို့ဖြင့် ဈေးကွက်အတွင်း EV ၏ ဝေစုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အဆုံးတွင် မှတ်တမ်းတင်ခဲ့သည့် ၂ ဒသမ ၆ ရာခိုင်နှုန်းမှ ယခုနှစ်အတွင်း ၅ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာခဲ့သည်။

ဩစတြေးလျနိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ဘက်ထရီဖြင့်မောင်းနှင်သော BEV နှင့် PHEV ၇၂၀၀၀ ကျော်ကို ရောင်းချခဲ့ရသည်။ ယင်းမှာ ကားအသစ်ရောင်းချမှုအားလုံး၏ ၁၂ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ်မှ အလားတူကာလနှင့်နှိုင်းယှဉ်လျှင် လေးပုံတစ်ပုံနီးပါး တိုးတက်လာခြင်းဖြစ်သည်။ ဤကဲ့သို့ အရှိန်အဟုန်ရှိနေသော်လည်း တိုးတက်မှုသည် နှေးကွေးနေဆဲဟုဆိုနိုင်သည်။ နော်ဝေ ၉၈ ဒသမ ၃ ရာခိုင်နှုန်း၊ နီပေါ ၇၆ ရာခိုင်နှုန်းနှင့်တရုတ် ၅၁ ရာခိုင်နှုန်းကဲ့သို့သော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဩစတြေးလျနိုင်ငံ၏ EV ရောင်းချမှုနှုန်းသည် နောက်ကျကျန်ရစ်နေခဲ့သည်။

ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် BEV အစီးရေ ၆၆၀၀၀ ကျော်ကိုမှတ်ပုံတင်ခဲ့ပြီး အိမ်နီးချင်း နိုင်ငံများကို ကျော်လွန်ကာ ဒေသတွင်းတွင် အရင့်ကျက်ဆုံး EV ဈေးကွက်အဖြစ် ၎င်း၏ရပ်တည်ချက်ကို ခိုင်မာစေလျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် EV ကဏ္ဍ၌ အိမ်စီးကား ၇၂၅၀၀၀ (စုစုပေါင်း အိမ်စီးကားများ၏ ၃၀ ရာခိုင်နှုန်း)၊ EV ဆိုင်ကယ် ၆၇၅၀၀၀ (စုစုပေါင်း ဆိုင်ကယ်များ၏ ၃၀ ရာခိုင်နှုန်း)၊ EV ဘတ်စ်ကား ၃၄၀၀၀ (စုစုပေါင်း ဘတ်စ်ကားများ၏ ၄၇ ရာခိုင်နှုန်း)၊ အမြန်အားသွင်းရုံ ၁၂၀၀၀ အထိ ဖွံ့ဖြိုးတိုးတက်လာရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားအစိုးရသည် ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းရှိသည့် အမျိုးသားလျှပ်စစ်ကားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ချမှတ်ကာ ၂၀၃၀ ပြည့်နှစ်တွင် ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစား အိမ်စီးကား ၂၅၀,၀၀၀၊ လုပ်ငန်းသုံးကား ၅၀၀၀၊ ဆိုင်ကယ် နှစ်ဘီး ၇၂၀၀၀၀ နှင့် သုံးဘီးယာဉ် ၂၀၀၀၀ တို့ကို သုံးစွဲနိုင်ရေးရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိပြီး EV အသုံးပြုမှု ရေပန်းစားလာပြီဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် အာဆီယံတွင် အလျင်မြန်ဆုံး တိုးတက်နေသော EV ဈေးကွက်ကို ပိုင်ဆိုင်ထားပြီး ၂၀၂၄ ခုနှစ်တွင် VinFast ၏ရောင်းအားသည် ၁၇၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ EV ကားများသည် ယခုအခါ ကားသစ်ရောင်းချမှု၏ ရာခိုင်နှုန်း ၂၀ ခန့်ကို ကိုယ်စားပြုလျက်ရှိရာ နိုင်ငံအတွင်း၌ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန်အတွက်လောင်စာဆီသုံးမော်တော်ဆိုင်ကယ် အသုံးပြုခြင်းကို ၂၀၂၆ ခုနှစ် ဇူလိုင်လမှစ၍ တားမြစ်ရန် စီစဉ်လျက်ရှိပါသည်။ ဟိုချီမင်းမြို့၌ EV များကို သင့်တော်သော နှုန်းထားဖြင့် အားသွင်းနိုင်ပြီး ခေတ္တနားနေရန် နေရာထိုင်ခင်းများပါ စီစဉ်ထားရှိသည့် ကော်ဖီဆိုင်များကို ၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လမှစကာ EV ဘတ်စ်ကား ၄၄၃ စီးကို ထပ်မံဖြည့်တင်းခဲ့ရာ EV ဘတ်စ်ကား ၆၁၃ စီးအထိ ရှိလာကြောင်း လေ့လာသိရှိရပါသည်။

နီပေါနိုင်ငံ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လေးဘီးတပ် EV တင်သွင်းမှု ၁၀၇၀၁ စီးသာ ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လေးဘီးတပ် EV တင်သွင်းမှု ၁၃၅၇၈ စီး တင်သွင်းနိုင်ရာ ၁၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ယင်းတင်သွင်းမှုများအနက် ၇၅ ဒသမ ၂ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှ ဖြစ်ကြောင်း သိရှိရပါသည်။


### ကမ္ဘာ့ EV ဈေးကွက်ကို ဦးဆောင်နေတဲ့ နိုင်ငံ

အမှန်စင်စစ်တွင် ကမ္ဘာ့ EV ဈေးကွက်သည် ပြင်းထန်လှသည့် စစ်ပွဲတစ်ခုအသွင်ဆောင်လျက်ရှိပြီး တရုတ်နိုင်ငံက ထိပ်ဆုံးနေရာတွင်နေရာယူထားမှုကို ဖယ်ထုတ်နိုင်ရေးအတွက် EV များ တင်ပို့မှုအပေါ် နိုင်ငံအချို့က အခွန်အခများ မြှင့်တင်ကောက်ခံကြပါသည်။ သို့ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ EV ဈေးကွက်တွင် အခြားနိုင်ငံများ ယှဉ်နိုင်စွမ်းမရှိအောင် ပြတ်သားစွာ ဦးဆောင်ထားနိုင်သော နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် ကမ္ဘာ့ BEV မှတ်ပုံတင်မှုပမာဏအားလုံး၏ ၅၇ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ပိုင်ဆိုင်ထားသည်။ ယင်းသည် တရုတ်နိုင်ငံ၏ ဧရိယာနယ်နိမိတ်ကြီးမားကာ လူဦးရေများပြားပြီး EV သုံးစွဲသူများပြားမှု၊ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အားပေးပံ့ပိုးမှုများ၊ EV သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကာလရှည်ကြာ တစိုက်မတ်မတ် နှစ်မြှုပ်ဆောင်ရွက်ခဲ့ရာက နည်းပညာအရွေ့များတွင် ဦးဆောင်နေမှု၊ အဆင့်မြင့်ဘက်ထရီနည်းပညာများ အသုံးချနိုင်မှုနှင့် EV သုံးစွဲသူများ၏ စိတ်ကြိုက် နည်းပညာအသစ်အဆန်းများဆိုင်ရာ စဉ်ဆက်မပြတ် တီထွင်ဆန်းသစ်နိုင်မှုများသည် ကမ္ဘာ့ EV လောကကို တရုတ်နိုင်ငံက စိုးမိုးထားနိုင်မှုကို အစဉ်အရှိန်အဟုန် မြှင့်တင်ပေးလျက်ရှိသည်။ လေ့လာမှုများအရ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အတွင်း

*စာမျက်နှာ ၁၁ သို့*

**အမှန်စင်စစ်တွင် ကမ္ဘာ့ EV ဈေးကွက်သည် ပြင်းထန်လှသည့် စစ်ပွဲတစ်ခုအသွင်ဆောင်လျက်ရှိပြီး တရုတ်နိုင်ငံက ထိပ်ဆုံးနေရာတွင်နေရာယူထားမှုကို ဖယ်ထုတ်နိုင်ရေးအတွက် EV များ တင်ပို့မှုအပေါ် နိုင်ငံအချို့က အခွန်အခများ မြှင့်တင်ကောက်ခံကြပါသည်။ သို့ရာတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ EV ဈေးကွက်တွင် အခြားနိုင်ငံများ ယှဉ်နိုင်စွမ်းမရှိအောင် ပြတ်သားစွာ ဦးဆောင်ထားနိုင်သော နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရ**




ပုံ-၄၊ ၂၀၃၀ ပြည့်နှစ်အထိ EV နှင့် လောင်စာဆီသုံးကားဈေးကွက် နှိုင်းယှဉ်ခန့်မှန်းပြပုံ။

*စာမျက်နှာ ၁၀ မှ*

ဥရောပသည် BEV မှတ်ပုံတင်မှု ၂၂ ရာခိုင်နှုန်းဖြင့် တရုတ်နိုင်ငံ၏ BEV မှတ်ပုံတင်မှုအောက် ၃၅ ရာခိုင်နှုန်း လျော့နည်းကာ နောက်မှလိုက်နေပြီး အမေရိကန်နိုင်ငံသည် BEV မှတ်ပုံတင်မှု ၁၂ ရာခိုင်နှုန်းသာရှိ၍ တရုတ်နိုင်ငံ၏ BEV မှတ်ပုံတင်မှုအောက် ၄၅ ရာခိုင်နှုန်း လျော့နည်းနေကြောင်း တွေ့ရှိရသည်။

**EV ခေတ်ဆီ ဦးတည်ပြီ**

နိုင်ငံတကာတွင် ကမ္ဘာ့ EV သုံးစွဲမှု တစ်ရှိန်ထိုး မြင့်တက်လာမှုကြောင့် ဘက်ထရီထုတ်လုပ်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လာသည်ကို တွေ့ရှိလာရပါသည်။ မိနစ်ပိုင်းမျှ အားသွင်းရုံဖြင့် မိုင်ပေါင်းရာထောင်ချီ သွားလာနိုင်ပြီး စွမ်းရည်မြင့် လီသီယံ-အိုင်းယွန်း ဘက်ထရီမျိုးကွဲများအပြင် ဆိုဒီယမ်-အိုင်းယွန်းနှင့် နှစ်ပေါင်း ၄၀ သက်တမ်းရှိသည့် စွမ်းအင်သိပ်သည်းဆကြီးမားသည့် Solid State EV ဘက်ထရီများဆိုင်ရာ ဘက်ထရီနည်းပညာအသစ်အဆန်းများလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။ EV သုံးစွဲသူများစိတ်ကြိုက် တီထွင်ဖန်တီးနိုင်ရေးအတွက် သုတေသနပြုလေ့လာစရာ နေရာလွတ်များ ဆက်လက်တည်ရှိနေမှုသည် ၂၀၃၀ ပြည့်နှစ်တွင် ဘက်ထရီဈေးနှုန်းများ ထက်ဝက်ခန့် ကျဆင်းသွားမည်ဖြစ်ကြောင်း ညွှန်ပြနေပြီး နိုင်ငံကြီးတိုင်းနှင့် ယာဉ်အမျိုးအစားတိုင်းသည် ဈေးနှုန်းတူညီမှုကို ခံစားရရှိစေမည်ဖြစ်ပါသည်။

ပြောင်းလဲမှုများ၏ အဓိကမောင်းနှင်အားသည် ယခင်က မူဝါဒများဖြစ်ခဲ့သော်လည်း ယခုအခါတွင် စီးပွားရေးဆိုင်ရာအချက်များနှင့် နည်းပညာထိပ်ဆုံးနေရာအတွက် ပြိုင်ဆိုင်မှုတို့က ပါဝင်နေရာယူလာခဲ့ပြီဖြစ်ပါသည်။ EV ဖွံ့ဖြိုးမှုကို ဦးဆောင်နေသော တရုတ်နိုင်ငံနှင့် အခြားသော EV ထုတ်လုပ်ရောင်းချသည့် နိုင်ငံများအကြား ကမ္ဘာ့ EV လောကတွင် အုပ်စိုးနိုင်ရန်အတွက် ယှဉ်ပြိုင်မှုများ ပြင်းထန်လာပြီး အထက်ပါ EV ဘက်ထရီနည်းပညာသစ်များ အပြိုင်အဆိုင် ဖွံ့ဖြိုးလာမှုနှင့်အတူ မောင်းနှင်မှုစွမ်းဆောင်ရည်မြှင့်တင်ကာ အလိုအလျောက် မောင်းနှင်ထိန်းချုပ်စနစ်များ ထွန်းကားလာခြင်း၊ ဒီဇိုင်းများ အစဉ်ဆန်းသစ်လာခြင်း၊ Smart City များ တည်ထောင်မှုကြောင့် EV သုံးစွဲမှု ခေတ်စားလာခြင်း၊ Smart Grid ဖြင့် ဓာတ်အားစနစ်များ အဆင့်မြှင့်တင်ကာ EV အားသွင်းခြင်းဆိုင်ရာ အခက်အခဲများအတွက် ဖြေရှင်းရန် နည်းပညာအဖြေများကို သုတေသနများမှတစ်ဆင့် ရှာဖွေတွေ့ရှိလာကြခြင်း၊ ဓာတ်အားလိုင်း ကွန်ရက်စနစ်နှင့် ကွန်ရက်စနစ်ပြင်ပ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အခြေပြု EV အားသွင်းစခန်းများကို တည်ဆောက်နေရာချထားခြင်းဆိုင်ရာ နည်းပညာများ အသုံးချလာကြခြင်းနှင့် ဘက်ထရီလဲလှယ်စနစ်ရုံ (Battery Swapping Station)များ တည်ထောင်အသုံးပြုခြင်းတို့ကြောင့် ကမ္ဘာ့ကားဈေးကွက် ကြိုတင်ခန့်မှန်းသူများသည် ၎င်းတို့၏ EV ဈေးကွက်ဝေစုကြီးထွားလာမှုကို လျှော့တွက်၍ မရတော့ဘဲ ခန့်မှန်းချက်များကို နှစ်စဉ်နှစ်တိုင်း မြှင့်တင်ပြင်ဆင်နေရလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤနေရာတွင် နိုင်ငံအချို့၌ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်များ(Hydrogen Fuel Cell Vehicles-FCEVs) သုံးစွဲမှုများကို တွေ့ရှိလာရသဖြင့် EV လမ်းကြောင်းရွေးချယ်မှုအတွက် သံသယရှိစရာ ဖြစ်စေနိုင်ပါသည်။ အဆိုပါ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်သည် ပတ်ဝန်းကျင်ကိုညစ်ညမ်းမှု မရှိစေသော သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အလားအလာရှိနေသော်လည်း EV လို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံသုံးစွဲနိုင်ရန်အတွက် အဓိက အားနည်းချက်များ ရှိနေပါသေးသည်။

ယင်းတို့မှာ ၁။ ဟိုက်ဒရိုဂျင်ဖြည့်တင်းနိုင်သည့် စခန်းများ (Refueling Stations) အလွန်နည်းပါးခြင်း၊ ၂။ လောင်စာဖြည့်တင်းကုန်ကျစရိတ် မြင့်မားလွန်းခြင်း (ဟိုက်ဒရိုဂျင်ထုတ်လုပ်မှု၊ ဖိသိပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှုနှင့် ဖြည့်တင်းစခန်းလည်ပတ်မှု စသည့်စရိတ်များကြောင့် ပန့်တွင် ရောင်းချသည့် ဈေးနှုန်းမှာ အလွန်မြင့်မားနေခြင်း)၊ ၃။ ယာဉ်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်း (လောင်စာဆဲလ်များ၌ ပလက်တီနမ်နှင့် အဖိုးတန်သတ္တုများ လိုအပ်သောကြောင့် ယာဉ်၏ကနဦးကုန်ကျစရိတ်မှာလည်း မြင့်မားနေခြင်း)၊ ၄။ စွမ်းအင်စွမ်းရည်နည်းပါးခြင်း (လျှပ်စစ်ဓာတ်ကို ဟိုက်ဒရိုဂျင်အဖြစ်သို့ ပြောင်းလဲခြင်း၊ ဖိသိပ်ခြင်း၊ အရည်ဖြစ်အောင်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြည့်တင်းစခန်း၌ သိုလှောင်ခြင်း၊ ဖြည့်တင်းပြီးနောက် ယာဉ်ပေါ်ရှိ လောင်စာဆဲလ်၌ လျှပ်စစ်ဓာတ်အဖြစ် ပြန်ပြောင်းခြင်းစသည့် လုပ်ငန်းစဉ်များတွင် စွမ်းအင်များစွာ ဆုံးရှုံးရခြင်း)၊ ၅။ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း အခက်အခဲများ (ဟိုက်ဒရိုဂျင်သည် ထုထည်လိုက် စွမ်းအင်သိပ်သည်းဆ နည်းပါးသောကြောင့် ယာဉ်ပေါ်တွင် သိုလှောင်ကန်ဒီဇိုင်းကို ရှုပ်ထွေးစေပြီး စရိတ်ကြီးစေခြင်းနှင့် ဟိုက်ဒရိုဂျင်သည် လေနှင့် ထိတွေ့ပါက အလွန်မီးလောင်လွယ်ပြီး မီးတောက်မှာလည်း မမြင်ရနီးပါးဖြစ်၍ ယိုစိမ့်မှုဖြစ်ပါက ပေါက်ကွဲနိုင်ခြေရှိသဖြင့် ဘေးအန္တရာယ်ကာကွယ်ရေးစနစ်များဖြင့် တည်ဆောက်ထားရခြင်း)တို့ ဖြစ်ကြပါသည်။ အဆိုပါ အားနည်းချက်များအပြင် ပြည်ပနိုင်ငံများသို့ စာရေးသူလေ့လာရေးများ သွားရောက်စဉ် ဆွေးနွေးမေးမြန်းမှုများအရ ဟိုက်ဒရိုဂျင်သုံး လောင်စာဆဲလ်ယာဉ်များ တွင်ကျယ်စွာ သုံးစွဲနိုင်ရန်မှာ ကုန်ကျစရိတ်များပြားလွန်းရာ ဖွံ့ဖြိုးမှုသည် အလှမ်းဝေးလျက်ရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့သယ်ယူပို့ဆောင်ရေးယာဉ်များသည် လက်ရှိပြိုင်ဆိုင်မှု အရှိန်အဟုန် ပြင်းထန်လျက်ရှိသည့် **EV ခေတ်ဆီ ဦးတည်လျက်ရှိနေကြောင်း** စာရေးသူအနေဖြင့် သုံးသပ်တွေ့ရှိရပါသည်။

**ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

စာရေးသူတို့၏ နိုင်ငံတွင်လည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့အဖိုးတန်ရေမြေ သဘာဝပတ်ဝန်းကျင်သာယာလှပရေးကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေး၊ အခြားသော နိုင်ငံများနည်းတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု တိုက်ဖျက်ရေး၊ ကာဗွန်ကင်းစင်ကာ ရုပ်ကြွင်းလောင်စာမှုများမှ ထိခိုက်မှုများလျှော့ချနိုင်ရေး၊ နိုင်ငံတော်မှ စက်သုံးဆီဆိုင်ရာ နိုင်ငံခြားငွေကုန်ကျစရိတ်များနှင့် ပြည်သူတို့အတွက် လောင်စာဆီသုံးကားလို စက်သုံးဆီ အသုံးစရိတ်မရှိခြင်းနှင့် လည်ပတ်မှုအင်ဂျင်မပါဝင်သဖြင့် ပြုပြင်ထိန်းသိမ်းရမှုများအတွက် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်းအပြင် နိုင်ငံ့မြို့ကြီးများ၌ လေထုအရည်အသွေးညွှန်းကိန်းများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသော လေထုမှတစ်ဆင့် ကျန်းမာရေးကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ ရရှိနိုင်ရေး၊ ခေတ်မီ EV များ စနစ်တကျသုံးစွဲနိုင်ကာ Smart Transportation System မှတစ်ဆင့် Smart City များ ဖြစ်ထွန်းလာစေခြင်း စသောအကျိုးကျေးဇူးများ ရရှိစေနိုင်ရေး၊ EV သုံးစွဲမှု မြင့်တက်လာမှုနှင့်အညီ ပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာ စံချိန်စံညွှန်းများနှင့်အညီ သက်တမ်းပြည့် သုံးစွဲနိုင်စေရေးတို့အတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ EV ကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒများနှင့် လမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ ငါးခုတို့က ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတော့သည်။ ။

**ကိုးကားချက်-**

၁။ စာရေးသူ၏ သုတေသနပြုလေ့လာမှု အတွေ့အကြုံများ

၂။ အင်တာနက်မှ ရှာဖွေလေ့လာမှုများ

## ရေဦးမြို့၌ မဲဆန္ဒရှင်အမည်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းကောက်ယူခြင်း ဆောင်ရွက်

**ရေဦး ဒီဇင်ဘာ ၁**

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆက်လက်ဆောင်ရွက်ခဲ့သည်။

ရေဦးမြို့နယ်သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား မြို့ပေါ် (၅)ရပ်ကွက်နှင့် ကျေးရွာ အုပ်စု



နှစ်အုပ်စုတို့၌ မဲရုံ ၁၂ ရုံဖြင့် အပိုင်း(၂)တွင် ကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဦးမြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး

**ချောင်းဦး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ ဒုတိယအကြိမ် ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းနှင့် မြေပြင်စာရင်း မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက နိုဝင်ဘာ ၂၈ရက်မှစတင်၍



ဒီဇင်ဘာ ၄ ရက်အထိ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ချောင်းဦးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ အဖွဲ့ငယ်များခွဲပြီး နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ချောင်းဦးမြို့ပေါ် ရပ်ကွက်ခြောက်ခုအတွင်းသို့ ဒုတိယအကြိမ် ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းနှင့် မြေပြင်စာရင်း မှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူ

**ရန်ကင်း ဒီဇင်ဘာ ၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေးအတွက် မဲဆန္ဒရှင် အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိမဲစာရင်းပါမပါအား သိရှိနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ်အတွင်း ရပ်ကွက်များတွင် သက်ဆိုင်ရာတာဝန်ရှိသူများက တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**လှလှထွေး(ပြန်/ဆက်)**

## မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် တစ်အိမ်တက်ဆင်းမြေပြင်ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၁**

မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ဒီဇင်ဘာ ၁ ရက်က ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်ရှိ လူမှုကူညီရေးအသင်းရုံး၌ အမှတ် (၆) စစ်နယ်မြေမှူး ဗိုလ်မှူးကြီး နေမျိုးဝေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဝင်းအောင်မျိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇေယျာသန်း၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုး၊ မြို့နယ်လဝကဦးစီးမှူး ဦးအောင်သွင်၊ ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာယာရပ်ကွက်အတွင်း မဲစာရင်းမှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့များက တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂၁



# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၁**

လူ့စွမ်းအားအရင်းအမြစ်၏ အစဦးဆုံးဖြစ်သော မူကြိုအရွယ်ကလေးသူငယ်များကို နည်းစနစ်မှန်မှန်ဖြင့် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ကရင်ပြည်နယ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ပြည်နယ်ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော အသက် သုံးနှစ်မှ ငါးနှစ်အရွယ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့ အမှတ်(၁)မူလတန်းကြိုကျောင်း၌ ကျင်းပသည်။**(ယာပုံ)**

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးလိုက်သည့် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံစံနှုန်းများနှင့် သဘောတရားများကို လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်ရန်နှင့် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို မျက်ခြည်မပြတ်စေဘဲ ခေတ်မီဆန်းသစ်သည့် နည်းစနစ်များနှင့်အညီပေါင်းစပ်ပြီး ကလေးများသင်ယူမှုအခွင့်အလမ်းများရရှိအောင် ဖန်တီးဖော်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းသူများအတွက် စားစရိတ်ငွေကျပ် ၃၂ သိန်းနှင့် သင်တန်းထူးချွန်ပထမဆုရရှိသော သင်တန်းသူကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက သင်တန်းထူးချွန်တတိယဆုနှင့်ဒုတိယဆုရရှိသူများကို ဂုဏ်ပြုဆုများပေးအပ်ပြီး သင်တန်းသူများ၏ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် အဆိုပြုလွှာများကို လက်ခံရယူကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

## ကြည့်ရှုအားပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် သင်တန်းသူများ၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခင်းကျင်းပြသထားသော ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးပြီး အမှတ်(၂)မူလတန်းကြိုကျောင်းအတွက် အထွေထွေအသုံးစရိတ် ငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဒေသတွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိရန် တာဝန်ရှိသူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာဌာနများအလိုက် မဲစာရင်းပါရှိမှု၊ ကျန်ရှိမှု၊ ပြန်လည်လျှောက်ထားမှုနှင့် မဲစာရင်းပါရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကယားပြည်နယ်ဝန်ကြီးချုပ် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်နေမှု ကြည့်ရှု

**လွိုင်ကော် ဒီဇင်ဘာ ၁**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လွိုင်ကော်မြို့ ထူးဒူင်သကျေးရွာ ဘိုးလာမာလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ စံချိန်စံညွှန်းအရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လမ်းဘေးဝဲယာရှိ လမ်းပခုံးများ လမ်းနှင့်တစ်ပြေးညီဖြစ်စေရေးနှင့် ရေနုတ်မြောင်းများရေစီးရေလာ ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြေနီကုန်းမြို့ဦးနှင့် နောင်ယား(က) ရပ်ကွက်များ၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေအိမ်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြသည့် ပြည်သူများနှင့် ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရန်အတွက် တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုပြီး**(ယာပုံ)** လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ကယားပြည်နယ် အစိုးရအဖွဲ့သည် လွိုင်ကော်မြို့ နောင်ယား(က)၊ နောင်ယား(ခ)၊ ဒေါ်ဥခူ၊ ဓမ္မာရုံ၊ မင်းစု၊ နမ့်ကွတ်၊ နာနတ်တော၊ ထေးသမနှင့် မြေနီကုန်းမြို့ဦး ရပ်ကွက်များရှိ နေအိမ်ထိခိုက်ပျက်စီးခဲ့ကြသည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် ပထမအဆင့်အနေဖြင့် တန်ဖိုးသင့်အိမ်ရာ အလုံး ၅၀ ကို တစ်ပြိုင်တည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## လှိုင်သာယာ(အနောက်ပိုင်း)၌ မဲစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁** – ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် သတ်မှတ်ချက်နှင့်ကိုက်ညီသော မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင်ပါဝင်နိုင်စေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးတို့အတွက် နိုဝင်ဘာ ၂၈ ရက်မှစတင်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ရပ်ကွက်များသို့သွားရောက်ကာ သက်ဆိုင်ရာတာဝန်ရှိသူများက တစ်အိမ်တက်ဆင်းလိုက်လံ၍ မြေပြင်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီး သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF ”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် **“ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ ကမ်းလင့်ချက်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည် ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၁-၁၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ(၂၃-၁၁- ၂၀၂၅) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၁၁-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင် ကာလ ၃ လနှင့် အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ ဘင်ခရာအဖွဲ့များမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ဘင်ခရာအဖွဲ့များမှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဘင်ခရာပြိုင်ပွဲအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ချိုချိုမြတ်အောင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲဝင်အဖွဲ့များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိကျင်းပကာ ပြိုင်ပွဲဝင် ဘင်ခရာအဖွဲ့ ၂၄ ဖွဲ့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမဆုမှ ပဥ္စမဆုအထိ ကျိုင်းဆုများချီးမြှင့်၍ ကျန်ရှိသည့် အဖွဲ့များကို အထူးဆုများ ချီးမြှင့်ပေးအပ်သွားမည် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကွင်းပေါက်ချောင်းစပ်မှ ရွှေမုယင်းငါးကန်များသို့ ဆက်သွယ်သောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ရွှေမုယင်း ငါးကန်များမှ ထွက်ရှိသော ငါးများကို ရွှေပိတောက်ငါးဈေးသို့ ရောင်းချရန်အတွက် အအေးခန်းကားဖြင့် တင်ပို့သယ်ယူပို့ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားပြုလုပ်




**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၆၄)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများ ပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေများ၊ ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရရှိကြသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အိမ်ထောင်သည် လိုင်းခန်းသန့်ရှင်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ကြသည်။ ထို့အပြင် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အပူပိုင်းမုန်တိုင်းငယ် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ နာထရန်မြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် ဒီဇင်ဘာ ၃ ရက်တွင် ဗီယက်နမ်နိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဂျီ-၂၀ ၏ လှုပ်ရှားဆောင်ရွက်မှုများကို အပြည့်အဝဆက်လက်ထောက်ခံသွားမည်ဟု တောင်အာဖရိကသမ္မတပြောကြား

**ဂျိုဟန်နစ္စဘတ်ဂ် ဒီဇင်ဘာ ၁**

မကြာသေးမီက အမေရိကန်ပြည်ထောင်စုနှင့် တင်းမာမှုများဖြစ်ပွားခဲ့သော်လည်း တောင်အာဖရိကနိုင်ငံသည် စက်မှုထိပ်သီးနိုင်ငံများ(ဂျီ-၂၀)၏ လှုပ်ရှားဆောင်ရွက်မှုများကို အပြည့်အဝဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဆိုက်ရယ် ရာမာဖိုဆာက နိုဝင်ဘာ ၃၀ ရက်က ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်လာမည်ဖြစ်သည်။




တောင်အာဖရိကသည် လွန်ခဲ့သောသီတင်းပတ်က ဂျီ-၂၀ ခေါင်းဆောင်များအစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် ထိုကဲ့သို့ရာမာဖိုဆာ၏မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်က ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ အမေရိကန် တက်ရောက်ခဲ့ခြင်းမရှိပေ။

နှစ်နိုင်ငံကြား အပြန်အလှန်ဆက်ဆံရေးတင်းမာမှုများရှိနေချိန် လာမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တောင်အာဖရိကကို ဖိတ်ကြားသွားမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်။

တောင်အာဖရိသည် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ၎င်း၏ကိုယ်ပိုင်နာမည်နှင့် လုပ်ပိုင်ခွင့်များရှိသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိစေချင်ကြောင်း၊ မိမိတို့သည် ပြည့်ဝတက်ကြွပြီးအပြုသဘောဆောင်သော ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း ရာမာဖိုဆာက ပြောကြားခဲ့သည်။

ယခုနှစ် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်မပါဝင်နိုင်ခဲ့ခြင်းက သတင်းမှားများ အမြစ်တွယ်နေခြင်းကြောင့်ဖြစ်ကြောင်းနှင့် ဝမ်းနည်းဖွယ်ကောင်းကြောင်း ရာမာဖိုဆာက ပြောကြားခဲ့သည်။

တောင်အာဖရိကသည် ယခုသီတင်းပတ်အစောပိုင်းတွင် ဂျီ-၂၀ ဥက္ကဋ္ဌရာထူးကို အမေရိကန်သို့ လွှဲပြောင်းပေးခဲ့ကြောင်းနှင့် မိမိ၏နိုင်ငံသည် အမေရိကန်နှင့်ဆက်ဆံရေးကို တန်ဖိုးထားပါကြောင်းနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်သွားရန် ကတိကဝတ်ပြုထားဆဲဖြစ်ကြောင်း ရာမာဖိုဆာက ပြောကြားခဲ့သည်။

ဆင်ဟွာ

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု အဆုံးသတ်

**ကင်ရှာဆာ ဒီဇင်ဘာ ၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နောက်ဆုံးအကြိမ် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု အဆုံးသတ်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ကူးစက်ဖြစ်ပွားမှုကွင်းဆက်ကို ရပ်တန့်လိုက်နိုင်ပြီဖြစ်ကြောင်းနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ (၁၆)ကြိမ်မြောက် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု ပြီးဆုံးသွားပြီဖြစ်ကြောင်း နိုင်ငံ၏မြို့တော် ကင်ရှာဆာမြို့၌ ပြုလုပ်သော အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီး ရော်ဂျာကမ်ဘာက ပြောသည်။

၁၉၇၆ ခုနှစ် နောက်ပိုင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အလယ်ပိုင်း ကာစိုင်းပြည်နယ်၌ (၁၆)ကြိမ်မြောက် အီဘိုလာရောဂါကူးစက်ဖြစ်ပွားကြောင်း စက်တင်ဘာ ၄ ရက်တွင် အစိုးရက အတည်ပြုခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် မျောက်ကျောက်၊ ကာလဝမ်းနှင့် ဝက်သက်ရောဂါတို့ တစ်ပြိုင်နက်ဖြစ်ပွားချိန်တွင် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှု ထပ်မံပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ယခင်အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမှာ နိုင်ငံအရှေ့ပိုင်း မြောက်ကီဗူပြည်နယ်တွင် ၂၀၂၂ ခုနှစ် က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာ



## မွန်ဂိုလီးယားနိုင်ငံ၌ HIV/AIDS ကူးစက်ဖြစ်ပွားသူ ၄၂၄ ဦးရှိ

**အူလန်ဘာတာ ဒီဇင်ဘာ ၁**

မွန်ဂိုလီးယားနိုင်ငံ၌ ယခုအခါ HIV/AIDS လူနာစုစုပေါင်း ၄၂၄ ဦး ရှိကြောင်း နိုင်ငံ၏ အမျိုးသားကူးစက်ပျံ့နှံ့တတ်သောရောဂါဆိုင်ရာစင်တာ(အင်န်စီစီဒီ)က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၅ ခုနှစ် ပထမ ၁၁ လအတွင်း HIV ရောဂါပိုးရှိသူသစ် စုစုပေါင်း ၃၆ ဦးရှိသည်ဟု နှစ်စဉ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့(World AIDS Day) တွင် အင်န်စီစီဒီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

HIV ရောဂါပိုးကူးစက်သူအများစုမှာ အသက် ၂၀ နှင့် ၄၄ နှစ်အကြား အသက်အရွယ်များဖြစ်ပြီး ကူးစက်မှု၏ ၉၉ ဒသမ ၇ ရာခိုင်နှုန်းခန့်မှာ လိင်ပိုင်းဆိုင်ရာ ကူးစက်မှုမှဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ပထမဆုံး HIV ပိုးကူးစက်မှုကို ၁၉၉၂ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီး ယင်းအချိန်မှစကာ လူဦးရေ ၃ ဒသမ ၅ သန်းရှိသည့် နိုင်ငံအတွင်း AIDS ရောဂါကြောင့် သေဆုံးသူ ၇၁ ဦးရှိကြောင်း သိရသည်။ ဆင်ဟွာ

## အိုပက်ပလတ်စ်အဖွဲ့ဝင်နိုင်ငံများက ရေနံတိုးမြှင့်ထုတ်လုပ်မှု ရပ်နားမည်ဟုဆို

**ဗီယင်နာ ဒီဇင်ဘာ ၁**

ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (အိုပက်) နှင့် အိုပက်ပလတ်စ်ဟု လူသိများသော ၎င်း၏မဟာမိတ်အဖွဲ့သည် ရာသီအလိုက်အခြေအနေများကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ရေနံတိုးမြှင့်ထုတ်လုပ်မှုများကို ရပ်နားထားရန် ဆုံးဖြတ်ထားကြောင်း နိုဝင်ဘာ ၃၀ ရက်တွင် အိုပက်အဖွဲ့က ပြောသည်။



ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ယူအေအီး၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့ အပါအဝင် အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အခြေအနေများနှင့် စီးပွားရေးအလားအလာများသုံးသပ်ရန် ပြုလုပ်ခဲ့သောဗီဒီယိုအစည်းအဝေးပြီးနောက် အဆိုပါဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အိုပက်ပလတ်စ်အဖွဲ့ဝင်နိုင်ငံများသည် ယခုနှစ် ဧပြီလမှစတင်ကာ လအလိုက် ရေနံထုတ်လုပ်မှုကို တိုးမြှင့်ထုတ်လုပ်လျက်ရှိသည်။ အဆိုပါ အဖွဲ့ဝင်နိုင်ငံများသည် ဆုံးဖြတ်ချက်များ ထပ်မံချမှတ်ရန် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ထပ်မံတွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။ ဆင်ဟွာ

## နီပေါနိုင်ငံက သီရိလင်္ကာရေဘေးသင့်ပြည်သူများအတွက် ငွေကြေး အမေရိကန်ဒေါ်လာ နှစ်သိန်း ကူညီပေးမည်ဟုကြေညာ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၁**

နီပေါအစိုးရသည် မကြာသေးမီက သီရိလင်္ကာနိုင်ငံ၌ ဆိုးရွားသည့် ရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးပေးရန်အတွက် ငွေကြေးအကူအညီ အမေရိကန်ဒေါ်လာ နှစ်သိန်း ပေးအပ်မည်ဟု နိုဝင်ဘာ ၃၀ ရက်က ကြေညာသည်။

သီရိလင်္ကာနိုင်ငံသည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါ တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုများနှင့်ကြုံတွေ့ခဲ့ရသဖြင့် လူပေါင်း ၃၃၄ ဦးထက်မနည်းသေဆုံးပြီး ၃၇၀ ပျောက်ဆုံးနေဆဲဖြစ်ကာ နှစ်ပေါင်းများစွာအတွင်း ၎င်း၏ အဆိုးရွားဆုံးရာသီဥတုနှင့်ဆက်စပ်သည့်သဘာဝဘေးများနှင့်ကြုံတွေ့ခဲ့ကြောင်း နိုင်ငံ၏သဘာဝဘေးစီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က ထုတ်ပြန်ထားသည်။



တောင်အာရှ ကျွန်းနိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံတစ်ဝန်း ဆိုးရွားသည့် ရေကြီးနစ်မြုပ်မှုကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပွားခဲ့ရသည့် သီရိလင်္ကာပြည်သူများနှင့် အစိုးရအတွက် "အလွန်ဝမ်းနည်းပြီး နက်ရှိုင်းစွာ ကိုယ်ချင်းစာမိကြောင်း" နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက်







**နေပြည်တော် ဒီဇင်ဘာ ၁**

တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော် နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၈ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၂ ဦး၊ ကလေးရောဂါ ၃၁ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၉၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး၊ စုစုပေါင်း ၄၄၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ သွားနုတ်/သွားဖာ ၄၈ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ယနေ့နံနက်ပိုင်းတွင် ငရုတ်ကောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ "နှလုံးနှင့် သွေးကြောဆိုင်ရာ ကျန်းမာရေး"၊ "ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုး" ခေါင်းစဉ်များဖြင့် ကျောင်းကျန်းမာရေး ပညာပေး ဟောပြောခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများ အတွက် သန်ချဆေးနှင့် အားဆေးများကို ပေးအပ်ခဲ့သည်။

ယင်းအပြင် တပ်မတော် နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများသည် နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီ ၃၃ မိနစ်တွင် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ပေါ်၌ ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် ပန်းမော်ရွာနေ ဦးမင်းခန့်ကြူ၏ ဇနီး ဒေါ်ပိုးနှင်းငြိမ်း၏ ပထမဆုံး ကိုယ်ဝန်အဖြစ် သမီးမိန်းကလေး ၆ ပေါင် ၁၃ အောင်စအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ပြီး မိခင်နှင့်ကလေး နှစ်ဦးလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်းကလေးငယ်အား တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် ကလေး အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်တွင် ငါးဦးမြောက် မွေးဖွားသည့် ကလေးငယ်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးကု ဆေးကုအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ မြို့နယ်အုပ်ချုပ်ရေးမှူးတွေက ကျွန်တော့်အစ်ကိုတွေကို ပြောတာ ဒီသင်္ဘောလာဖို့ရှိတယ် မွေးမလားပေါ့။ သွားပြီးစစ်ဆေးကြည့်လည်း ရတယ်ပေါ့၊ အဲဒါနဲ့လာဖြစ်သွားတာ။ ခံစားရတာတော့ ရင်တွေလည်း တအားတုန်တယ်၊ ခုလိုလာပြီးတော့ ကလေးရော၊ မိခင်ရော၊ ကျန်းမာတဲ့အတွက် အဆင်ပြေအောင် လုပ်ပေးတဲ့အတွက် အကုန်လုံး ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သွားရေးလာရေး စားဖို့သောက်ဖို့ အကုန်လုံး အိပ်ဖို့က အစ အကုန်လုံးလုပ်ပေးတယ်။ ဆေးရုံကနေပြီးတော့ ကမ်းနားလှေမကူးခင်ကားနဲ့ခေါ်ပေးတယ်။ အဲကနေစက်လှေနဲ့ ဒီသင်္ဘောဆီကို အဆင်ပြေအောင်လို့ ခေါ်ပေးတယ်ပေါ့။ ဆရာဝန်နဲ့တွေ့တော့ ဆရာဝန်က မိခင်ကိုတော့ စစ်တာပေါ့၊ သူ့အခြေအနေ ကြည့်ပြီးတော့ အာထရာဆောင်း သွားရိုက်ခိုင်းတယ်။ သွေးစစ်ဘာညာလုပ်ပြီးတော့ ခွဲမှာလားမေးတယ်။ ခွဲမယ်ဆိုတော့ ဒီကို တစ်ခါတည်းဆက်လာတာ။ မိခင်ရော၊ ကလေးရော ကလေးလည်း အပြင်ရောက်လာပြီဆိုတော့ ဆရာဝန်ကြီးတွေရော အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ့်ကလေးမြင်ရတော့လည်း ပျော်လည်းပျော်တယ်၊ ပီတိလည်း ဖြစ်တာပေါ့ ။

၂။ ဒီနေ့ ဟောပြောပွဲက ကျွန်တော်တို့အတွက် အကျိုးကျေးဇူး အများကြီးရပါတယ်။ ကျောင်းသားတစ်ဦး တော်ဖို့ဆိုရင် ကျွန်တော်တို့ ကျန်းမာဖို့ အရေးကြီးတယ်။ ပြီးတော့ အာဟာရပြည့်အောင် စားရမယ်။ ကိုယ်လက်လှုပ်ရှားလုပ်ရမယ်၊ အများကြီးရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ ဒီငရုတ်ကောင်းဒေသကို လာပြီးတော့ အခမဲ့ ဆေးကုသပေးတာ ကျွန်တော်တို့တွေ အများကြီး ကျေးဇူးတင်ပါတယ်။ နောက်နောင်ကိုလည်း လာပေးစေချင်ပါတယ်။ **သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





**နေပြည်တော် ဒီဇင်ဘာ ၁**

ဧရာဝတီ မြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့များသည် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာရှိ သာသနာ့ဗေယျာကျောင်းတိုက်၌ အခြေပြု၍ ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၈ ဦး၊ ခွဲစိတ်ရောဂါ ၃၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၃၈ ဦး၊ အရိုးရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၅၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၅၁၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ သွားနုတ်/သွားဖာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

၁။ အရိုးအကြော မကောင်းလို့ လာပြတာပါ။ ကြာပြီ နှစ်(၂၀) ကျော်ပြီ။ အဲဒီလိုပဲ ကောင်းလိုက် မကောင်းလိုက်နဲ့ပေါ့၊ အခုမျက်စိလည်းပြဖို့လာတာ။ မျက်စိတော့ မပြရသေးဘူး။ အရိုးအကြောတော့ ပြပြီးသွားပြီ။ အရိုးတွေက ကိုက်တာပေါ့။ ထလို့ထိုင်လို့ မကောင်းဘူး။ မကောင်းတဲ့ကြားထဲက အဲလို ကိုယ့်အိမ်မှာကိုယ် အလုပ်လုပ်နေတာပဲပေါ့။ ဆေးသောက်လိုက်၊ ဆေးထိုးလိုက် အဲလိုပဲနေရတာပဲ။ အခုလိုပဲ လူတွေအများကြီး လာလာပြကြပါတယ်။ ရွှေပုဇွန်သင်္ဘောကြီးလာပြီဆို အစောကြီးတည်းက သတင်းကြည့်ထားတာ။ ဘယ်တော့လာမလဲဆိုတာ သိကြတာပေါ့နော်။ အခြားတစ်ပါးမသွားနိုင်တဲ့ သူတွေ ဒီမှာကုရတာလေ၊ တချို့တွေဆို လပွတ္တာတောင် သွားမကုနိုင်တဲ့သူတွေ အများကြီး ရှိသေးတယ်။ ဝမ်းသာတာပေါ့။ ကိုယ့်ရွာမှာ ဒီလိုလာပြီးတော့ ဆေးကုသပေးတာ အခမဲ့လာကုသပေးတော့ ဝမ်းသာတာပေါ့။

၂။ ဒူးနာလို့ လာပြတာပါ။ ဒူးနာတာတော့ လေးငါးခြောက်လလောက်ရှိပါပြီ ဒီဒူးနာတဲ့ ဝေဒနာကထော့နဲ့ထော့နဲ့ သွားနေရတာ ဘယ်လိုမှ အဆင်မပြေဘူးလေ။ အခုလိုမျိုး ဆေးထိုးပေးတယ်ဆို ကောင်းသွားတယ်ဆိုရင် ကျွန်မတို့လောက်ပျော်တဲ့သူ ရှိတောင်မရှိဘူး။ ကိုယ့်ရွာ ကိုယ့်နယ်က လူတွေ ဒီလိုမျိုးကုသနိုင်ဖို့ဆိုတာ မလွယ်ဘူးလေ။ အကုန်လုံး အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ ဒီအဖွဲ့ကိုလည်း ကြိုဆိုပါတယ်။ ပျော်လည်း ပျော်ပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ ဘယ်တော့မှလည်း မမေ့ပါဘူး။ စိတ်ထဲမှာလဲ အမြဲတမ်းမှတ်ထားပါတယ်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ကျောက်မဲမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက်တွင် ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ၏ တောင်ဘက် ဒုဋ္ဌဝတီမြစ်အနီးသို့ ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့်နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများအား မတွေ့ရှိရဘဲ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အိပ်ဆောင်ခြောက်လုံး၊ အလျားပေ ၆၀ ၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ လုပ်ငန်းဆောင် ငါးလုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုး သုံးထပ်သားကာ အစားအစာသိုလှောင်ရုံ ခြောက်လုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိဆောက်လုပ်ဆဲလုပ်ငန်းဆောင် တစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ဆောက်လုပ်ဆဲ အိပ်ဆောင်တစ်လုံး၊ အလျားပေ ၈၀၊ အနံ ၁၅ ပေရှိ အထွေထွေသုံးအဆောင်တစ်လုံး၊ အလျားပေ ၈၀၊ အနံ ၁၀ ပေရှိ သုံးထပ်သားကာ တန်းလျားရှည် အိမ်သာတစ်လုံး၊ အလျားပေ ၃၀၊ အနံ ၁၀ ပေရှိ အိပ်ခန်းတွဲ လေးခန်းတွဲအိပ်ဆောင် တစ်လုံး၊ အိပ်ခန်းလေးခန်းတွဲ(ရိက္ခာစတိုပါ) နှစ်ထပ်ဆောင်တစ်လုံး၊ မီးစက်အကြီးတစ်လုံး၊ ၁၅ ပေအမြင့် ကင်းစောင့်သစ်သားမျှော်စင် ငါးလုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေ၊ အိပ်ဆောင်တန်းလျားတစ်လုံး၊ အလျားပေ ၇၀၀၊ အနံပေ ၄၀၀ သွပ်ကာခြံဝင်းတစ်ခု၊ ALL IN ONE DESKTOP ကွန်ပျူတာအလုံး ၃၀၊ starlink ဇန်း ၁၀ ခု၊ AIR COOLER တစ်လုံး၊ XIAOMI ဝိုင်ဖိုင်စက်နှစ်လုံး၊ SOUND BOX တစ်လုံး၊ POWER STATION သုံးလုံး၊ ငွေရေတွက်စက်တစ်လုံး၊ ငွေကဒ်ဖြတ်စက် သုံးလုံး၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် အခြားလျှပ်စစ်သုံးပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် တောင်ထိပ်ကျေးရွာအနီး ထပ်မံ၍ရှင်းလင်းရာ အဆိုပါနေရာ၏ မြောက်ဘက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ ယနေ့တွင် အဆိုပါနေရာ၏ မြောက်ဘက်၊ တောင်ထိပ်ကျေးရွာ၏ တောင်ဘက်တွင် တရုတ်နိုင်ငံသား ၁၀ ဦးအားလည်းကောင်း၊ တောင်ထိပ်ကျေးရွာ၏ မြောက်ဘက်ရှိ ပုံပိုးကျေးရွာအနီးတွင်လည်း တရုတ်နိုင်ငံသား ရှစ်ဦးအားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် ပါဝင်ပတ်သက်သူများအား စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောက်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျောက်မဲမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။


ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ ကင်းစောင့်သစ်သားမျှော်စင် တစ်လုံးကို တွေ့ရှိရစဉ်။


ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ရာနေရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိရစဉ်။


ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်ခဲ့သည့် သွပ်မိုးသုံးထပ်သားကာ အိပ်ဆောင်ကို တွေ့ရစဉ်။


ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ ပြုလုပ်ခဲ့သည့်နေရာရှိ အဆောက်အအုံများကို စက်ယန္တရားဖြင့် ဖျက်ဆီးစဉ်။




ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်သူ တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများဖြစ်သော တစ်ထပ်အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ လေးလုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၃၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရား မဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၈၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်နွှယ်သော အဆောက်အအုံ ၆၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်း မရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည် အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၁၃ လုံးကို ထပ်မံချိပ်ပိတ် သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၃၂ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ star-link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၃၁ ဦး နှင့် ပါကစ္စတန်နိုင်ငံသား ၃၀ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၁၉၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၅၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးနေမှု အပိုင်း(၃)



အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းပုံ။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ငါးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေပုံ။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် လေးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေပုံ။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ခြောက်ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေပုံ။



အွန်လိုင်းလိမ်လည်မှုများ အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေပုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၁) ထပ် လူနေအဆောက်အအုံ။

## မိုးနဲမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

**မိုးနဲ ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်ပွဲနှင့် သင်တန်းပို့ချခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းအေးလွင်က သင်တန်း ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ သင်တန်းကို တစ်ဆက်တည်း ပို့ချသည်။ မိုးနဲမြို့နယ်တွင် ရပ်ကွက်/ ကျေးရွာ အုပ်စု ၂၆ အုပ်စုတွင် မဲရုံပေါင်း ၃၉ ရှိရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သင်တန်းကို အပတ်စဉ်နှစ်ခုခွဲ ပို့ချသွားမည်ဖြစ်ပြီး ပထမအပတ်စဉ်ကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ သင်တန်းသား ၅၂ ဦးကို လည်းကောင်း၊ ဒုတိယအပတ်စဉ်ကို ကျိုင်းတောင်းမြို့၌ ဒီဇင်ဘာ ၄ရက်မှ၅ရက်အထိလည်းကောင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ရပ်စောက်မြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်ဆင့်ပွားသင်တန်းဖွင့်လှစ်

**ရပ်စောက် ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စီစဉ်ကျင်းပသည့် မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်ဆင့်ပွား သင်တန်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရပ်စောက်) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲလင်းသူက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ရွေးကောက်ပွဲဥပဒေ၊ ရွေးကောက်ပွဲနည်းဥပဒေ၊ မဲရုံလုပ်ငန်းလမ်းညွှန်၊ MEVM မဲပေးစက် အသုံးပြုခြင်းဆိုင်ရာတို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ရပ်စောက်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၁၇၄ ဦးအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ညရပ်ကွက် ကွင်းအမှတ် (၅၆၈) ဦးပိုင်အမှတ် (၇၀) တောင်သူ ဦးစိုးနိုင်၏ လယ်မြေ၌ မိုးစပါး(ရောမင်း) စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၉ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်သည်။

အဆိုပါ ရောမင်း မျိုးသန့်စပါး စံပြကွက်တွင် (၆.၆)' ပတ်လည် စံကွက်ရိတ်သိမ်းရာ စပါးအစို ၉၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ပန်းတနော် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါး ၉၃၉၀၂ ဧက စိုက်ပျိုးထားရှိရာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၇ ရက်က ကျုံတုံးကလေးကျေးရွာအုပ်စု ကွင်းအမှတ်(၅၁၈) တလိုင်းစုကွင်း ဦးပိုင်အမှတ်(၄၈/၂)၊ ဧရိယာ ၈ ဒသမ ၅၀ ဧကရှိ တောင်သူ ဦးကျော်ကျော်မိုး လယ်မြေ၌ ပြုလုပ်သည်။

မိုးစပါးစံကွက် ရိတ်သိမ်းရာသို့ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူ ဦးကျော်ကျော်မိုး စိုက်ပျိုးထားသည့် ဆင်းသုခစပါးမျိုးကွဲ ဧရိယာ ၈ ဒသမ ၅၀ ဧကရှိ ကောင်းကိုယ်စားပြု လယ်မြေအား စံထွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှစပါးအခြောက်တင်း ၉၀ ဒသမ ၅၃ တင်းထွက်ရှိကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ပုလောမြို့၌ မိုးစပါးစိုက်ခင်းရိတ်သိမ်း



**ပုလော ဒီဇင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ် (၅)ရပ်ကွက် ထိပ်တန်းရှင် သမဝါယမအသင်း အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် မော်ဘီ(၃) စပါးစိုက်ခင်း ရိတ်သိမ်းမှုများကို ပုလောမြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုလောမြို့ အမှတ် (၅)ရပ်ကွက် ထိပ်တန်းရှင် သမဝါယမအသင်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ မြစိမ်းရောင်(သမဝါယမကဏ္ဍ) နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးလယ်ဧက ၁၁၆ ဧကရှိပြီး မော်ဘီ(၃) စပါးစိုက်ခင်းရိတ်သိမ်းမှုတွင် တစ်ဧကပန်းတိုင် အထွက်နှုန်း ၁၀၂ တင်း ထွက်ရှိကြောင်း မိုးစပါးစိုက်ပျိုးသူ အသင်းသားတောင်သူများထံမှ သိရသည်။ **အေးအေးမော်(ပုလော)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## တောင်ငူမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဒီဇင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုနှင့် ပတ်သက်၍ ပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံနိုင်ရေး ယနေ့နံနက်ပိုင်းက တောင်ငူမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများတွင် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုနိုင်ရေး၊ မဲစာရင်းတွင် ပါဝင်နိုင်ရေး၊ မဲစာရင်း အတိုးအလျှော့များ စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကျန်ရှိမှုမရှိစေရေးနှင့် စာရင်းကွာဟမှုမရှိစေရေး တစ်အိမ်တက်ဆင်း မဲစာရင်းကောက်ယူပြုစုခဲ့ပြီး မဲစာရင်းတွင် မပါဝင်သည့်သူများအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့များတွင် လျှောက်ထားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဒီဇင်ဘာ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေးစဉ်။
ခန့်ဝင်း(ဆင်ပေါင်ဝဲ)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နိုဝင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြစဉ်။
မြင့်မြင့်ရီ(ပြန်/ဆက်)



ကျွန်းစုမြို့ ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၃၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။
ထက်မြင့်(ကျွန်းစု)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁-၁၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမှ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၂၅။ | ဒေါ်မူမူကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၁၀၆၂၆။ | ဦးအောင်မင်းညိုနှင့်ဇနီး ဒေါ်အေးအေး၊ (သား)မောင်ဇေယျာလင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၇။ | ဦးထွန်းဝင်းနှင့်ဇနီး ဒေါ်မငယ်၊ (သား)မောင်ကျော်သီဟ၊ မောင်ဉာဏ်မင်းထွန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၈။ | ဦးဝင်းကြိုင်နှင့်ဇနီး ဒေါ်သက်မာဦးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၂၉။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်ငြိမ်းငြိမ်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၆၃၀။ | ကွယ်လွန်သူမိခင်ကြီးဒေါ်လင်းဖုန်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၆၃၁။ | မောင်ရွှေပြည်ဖြိုးမောင်မွေးနေ့ကောင်းမှု | ၁၅၀၀၀၀ |
| ၁၀၆၃၂။ | ကွယ်လွန်သူဦးစိုးလွင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၆၃၃။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်နိုင်သူတို့အားရည်စူး၍ ဦးသန်းဦးနှင့်ဇနီး ဒေါ်ခင်အေးစိန်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၆၃၄။ | ကွယ်လွန်သူမိဘများအားအမှူးထား၍ ရဲမှူးကြီးရဲနိုင်(ငြိမ်း) နှင့်ဇနီး ဒေါ်လှလှခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၅။ | ဒုရဲအုပ်ပြည့်ဖြိုးအောင်နှင့်ဇနီး ဒေါ်မေစိုးဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၆။ | ကိုကျော်သူဝင်းနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၇။ | ဒေါ်ခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၈။ | ဦးစိန်လွင်နှင့်ဇနီးဒေါ်သင်းသင်းခိုင်၊ (သား)ဒေါက်တာဝေယံလွင်သော်၊ မောင်ဖုန်းပြည့်မာန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၃၉။ | ဒေါ်ခင်မာမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၀။ | ကိုစိုင်းအိုက်ဆွေနှင့်ဇနီး မထွေးထွေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၁။ | ဦးသာရှန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | နဝကမှ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၄၂။ | ဦးနီနှင့်ဇနီး ဒေါ်နီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၃။ | ဦးအောင်ဇော်မိုး၊ ဦးကောင်းမြတ်မိုး၊ ဦးမင်းမြတ်ကိုကို ညီအစ်ကိုများကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၄။ | ကွယ်လွန်သူဒေါ်တင်ကြည်အားရည်စူး၍ ဦးကြီးစိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၅။ | ဒေါက်တာအောင်ဇင်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၆။ | ဦးခင်ဦးနွယ်နှင့်ဇနီး ဒေါ်ငွေးယဉ် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၄၇။ | မောင်အောင်ဘုန်းမြတ်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၆၄၈။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်မိသားစုကောင်းမှု | ၅၁၀၀၀ |
| ၁၀၆၄၉။ | ကိုအောင်ကိုကိုဦးနှင့်ဇနီး မကြည်ကြည်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၀။ | ဦးသက်တင်ဦးနှင့်ဇနီး ဒေါ်စန္ဒာဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၁။ | ဦးဇင်မင်းမောင်နှင့်ဇနီး ဒေါ်ဆွေဇာထွန်း၊ (သမီး)မခြူးမေဇင်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၂။ | ကိုနေမင်းထက်နှင့်ဇနီး မခင်ပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၃။ | ကိုမင်းကြည်ဖြူနှင့်ဇနီး မနန်းနှင်းဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၄။ | ဦးငွေးဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၅။ | ဦးချောနှင့်ဇနီး ဒေါ်လှဲ့လှဲ့ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၆။ | ဦးစိုင်းအောင်ထူးနှင့်ဇနီး ဒေါ်နန်းစိုင်းမွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၇။ | ဦးမန်းကောင်းနှင့်ဇနီး ဒေါ်နီလာအေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၈။ | ဦးလှမျိုးနှင့်ဇနီး ဒေါ်တင်လပြည့်ဝန်း၊ (သမီး)မမေလင်းလက်မျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၅၉။ | ဦးအေးဝင်းနှင့်ဇနီး ဒေါ်အေးမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၀။ | ကိုဝေလင်းဟိန်းနှင့်ညီအစ်ကိုများကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၁။ | ဦးတင်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | အမည် | နဝကမှ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၆၂။ | ဒေါက်တာသိန်းဝင်းနှင့်ဇနီး ဒေါက်တာဆွေဦးလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၃။ | ကိုအောင်ဇော်မိုးနှင့်ဇနီး မအေးအေးသင်း၊ (သမီး)မဆုပြည့်စုံ၊ မောင်အောင်ကောင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၄။ | ဦးမျိုးထွေးနှင့်ဇနီး ဒေါ်စန်းစန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၅။ | ဦးဟန်မင်းထက်နှင့်ဇနီး ဒေါ်ဇာခြည်မြင့်၊ (သမီး)မဟန်ငြိမ့်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၆။ | ဦးသန်းဇော်ဟန်နှင့်ဇနီး ဒေါ်ဇာခြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၇။ | ဦးသန့်ဇော်ဦးနှင့်ဇနီး ဒေါ်ချိုဇင်သန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၈။ | ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်တီတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၆၉။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်သန်းသန်းချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၀။ | ကိုအေးနှင့်ဇနီး မယဉ်မင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၁။ | ကိုတေဇာဝင်းနှင့်ဇနီး မမြင့်မြင့်သိုက်၊ (သား)မောင်နေလင်းထွန်း၊ သမီးမဆုမြတ်ချယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၂။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုသာထွန်းဦးနှင့်ဇနီး မသီတာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၃။ | ကိုကျော်မင်းထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၄။ | ဦးဇော်မင်းသူနှင့်ဇနီး ဒေါ်ဝေဝေစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၅။ | ဦးခင်မောင်ယဉ်နှင့်ဇနီး ဒေါ်လှလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၆။ | ဦးတင်ထွန်းအောင်နှင့်ဇနီး ဒေါ်သဲမာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၇။ | ဦးထွန်းထွန်းဝင်းနှင့်ဇနီး ဒေါ်ဝေသူစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၈။ | ဦးထွန်းကြိုင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၇၉။ | ဒေါ်ခင်ငွေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၀။ | ဦးဝေဖြိုးမင်းနှင့်ဇနီး ဒေါ်အိအိမွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၁။ | ဦးဝင်းဦးနှင့်ဇနီး ဒေါ်ခင်စန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၆၈၂။ | ဦးအောင်လွင်ဦးနှင့်ဇနီး ဒေါ်နန်းစန္ဒာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** ၀၉-၆၇၀၇၅၇၈၄၇
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၊ ၀၉-၂၅၅၈၂၅၁၆


**ပြင်ဆင်ဖတ်ရှုပါရန်**

(၈၁)ကြိမ်မြောက် ကံပေါ်ကြီး သိန်းထီပေါက်စဉ်တွင် ကျပ်ငါးသောင်းဆုကြီး၌ ဇ-၈၉ အစား ဈ-၈၉ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း**

မိုင်းရယ်မြို့၊ ရပ်ကွက်(၃) နေ အေးဖြင့် (ဘ)ဦးအိုက်လှျံ ၁၃/ မရတ(နိုင်) ၀၀၆၈၅၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၁၆၄၃၃၆၆

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အမက-သာစည်လေး(တ)ကျောင်း၌ လ/ထမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးချစ်ရဲသူ ၉/သစန(နိုင်) ၁၆၀၃၈၀၀ ၏ ဖခင်အမည် ဦးကျော်ဆန်းလွင်(ခ)ဦးကျော်စန်းလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းလွင်(ခ) ဦးကျော်စန်းလွင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊သာစည်မြို့နယ် အမက-ပေါက်ချောင်းကျောင်း၌ ဒုတိယမူလတန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ဖြိုးကလျာကျော်၉/သစန(နိုင်)၁၂၂၉၂၈၏ ဖခင်အမည် ဦးဗိုလ်တုတ်(ခ)ဦးဘိုတုတ် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဗိုလ်တုတ်(ခ)ဦးဘိုတုတ်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အလက(ခွဲ) ကွမ်းခြံရိုးကျောင်း၌ မူလတန်းကျောင်းအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်သက်သက်ဝင်း ၉/မထလ(နိုင်)၂၀၈၃၂၆ ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ငူမြို့၊ အထက(၃)မှ Grade-12 အောင်မြင်ပြီးသူ မယွန်းသီရိကျော် ၇/တငန(နိုင်)၂၃၇၆၁၃၏ မိခင်အမည် ဒေါ်ယဉ်အေး(ခ)ဒေါ်ယဉ်ယဉ်အေး ၇/တငန(နိုင်)၀၉၉၉၇၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ယဉ်အေး(ခ) ဒေါ်ယဉ်ယဉ်အေး**

**အများသိစေရန်ကြေညာခြင်း**

မောင်ခန့်မင်းပိုင်သည် ကျွန်တော် ဦးစိုးနိုင် ၁၂/ဗဟန(နိုင်)၀၅၆၅၀၃နှင့် ကျွန်မ ဒေါ်ကြည်မြိုင် ၁၂/ဗဟန(နိုင်)၀၆၁၉၁၀ တို့၏ အမွေစားအမွေခံတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးနိုင်-ဒေါ်ကြည်မြိုင်**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၈၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဇ - ၂၈၁၉၇၁

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဍ - ၅၇၁၅၆၂ င - ၈၃၄၈၂၆

ကံထူးရှင်(၂)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဍ - ၄၀၇၇၂၈ ခ - ၄၁၆၆၃၀

ကံထူးရှင်(၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

င - ၁၆၃၄၀၄ ည - ၃၁၄၃၄၃
ဃ - ၂၆၆၄၅၅ ဃ - ၄၀၈၁၂၈

ကံထူးရှင်(၄)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ည - ၁၁၉၈၀၉ ဈ - ၄၈၅၁၆၂
စ - ၂၃၇၀၁၀ ဍ - ၅၂၀၀၉၀
ည - ၄၁၈၆၇၇ ဃ - ၈၂၆၀၈၁

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

င - ၁၁၇၀၇၂ ည - ၄၆၂၃၂၈ ဂ - ၉၂၁၉၅၄
ခ - ၂၃၃၈၉၃ ဇ - ၅၈၂၄၅၈ ည - ၉၄၇၅၉၁
ဂ - ၂၆၂၀၇၀ ဍ - ၈၆၀၂၈၆ စ - ၉၇၆၆၉၀

ကံထူးရှင်(၉)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဍ - ၃၂၂၃၁၈ ဆ - ၆၆၉၈၇၇
စ - ၃၉၅၇၂၁ ဃ - ၆၉၈၃၂၆
င - ၄၀၄၉၀၁ ဆ - ၈၀၂၂၁၅
ခ - ၅၁၅၄၀၇ ခ - ၈၃၆၂၅၁
ဂ - ၅၃၉၉၆၄ ဇ - ၈၄၆၄၄၃
က - ၆၃၆၆၂၅ ဂ - ၉၅၅၉၈၅
က - ၆၅၁၅၁၃

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

စ - ၁၃၀၁၄၅ ဇ - ၂၈၈၀၁၇ ဍ - ၆၂၅၆၇၆
စ - ၁၅၂၁၃၉ ခ - ၃၁၉၀၀၃ က - ၆၉၁၉၃၅
ဇ - ၁၈၀၁၇၈ က - ၃၃၅၀၂၆ ဂ - ၈၀၄၄၀၈
ခ - ၂၀၄၇၈၆ ဇ - ၃၆၃၈၇၆ ဍ - ၈၁၄၂၆၁
ဃ - ၂၂၁၄၄၆ ည - ၄၂၆၂၅၄ င - ၈၂၂၉၄၆
ဆ - ၂၄၃၆၁၅ င - ၄၆၈၉၈၆ ဍ - ၉၄၃၅၆၈

ကံထူးရှင်(၁၈)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဂ - ၁၂၀၇၆၉ ဈ - ၇၅၁၁၇၅
င - ၁၃၁၃၅၆ င - ၇၆၄၆၅၄
ဍ - ၁၃၆၀၆၄ င - ၈၁၈၃၉၆
ဆ - ၂၀၃၉၆၃ ဃ - ၈၂၆၈၂၁
ဈ - ၃၆၆၅၅၃ ဇ - ၈၂၉၄၄၈
က - ၃၉၀၆၇၉ ဆ - ၉၂၂၇၇၅
ဆ - ၄၁၉၀၂၇ စ - ၉၅၁၄၈၇
ဈ - ၄၈၀၇၀၀ င - ၉၆၃၇၀၇
ဇ - ၅၅၀၇၃၁ ဆ - ၉၇၂၅၃၆
ဍ - ၆၈၂၅၆၅ င - ၉၇၉၅၉၈

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနှစ်

ဈ - ၃၃၉၈၆
င - ၃၄၈၂၅
က - ၆၉၁၁၁

အကွရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနှစ်

က - ၁၁၀၅ ဈ - ၅၈၉၂
ဇ - ၄၂၁၁ ဇ - ၆၂၆၅
ဇ - ၄၅၄၃ ည - ၆၄၂၁
ဃ - ၄၅၈၉ စ - ၈၇၄၄

အကွရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၅)ယူနှစ်

ဂ - ၁၈၅ ည - ၃၆၉ ဍ - ၇၀၆
ဃ - ၃၁၀ ခ - ၄၀၈

အကွရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနှစ်

က - ၂၅ ဂ - ၅၁ င - ၆၈ ဇ - ၇၆ ဈ - ၈၉ ဇ - ၉၉

အကွရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနှစ်

င - ၅

အကွရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဆ - ၂၉၈၅၁၅ ည - ၆၂၉၆၁၄
ခ - ၄၂၄၈၁၀ ဈ - ၉၈၇၈၄၀

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနှစ်

င - ၄၄၇၃၂ ဆ - ၅၅၂၀၇

အကွရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနှစ်

က - ၂၅၄၅ ခ - ၆၂၂၂

အကွရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနှစ်

စ - ၃၀၀ ည - ၇၆၉

အကွရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၁)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၆၈၁၂၉ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၆၈၁၂၉ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဠ) အက္ခရာထိ အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၈၁)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၁၂-၂၀၂၅ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၅-၁၂-၂၀၂၅ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၁၆)နေရာများအတွက် ယှဉ်တွဲပါ သတ်မှတ် အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကျား/ မ ၁၁ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကျား/မ ၂ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာပညာရပ်ဆိုင်ရာ အောင်လက်မှတ်ရရှိသူ |
| (ဂ) | ယာဉ်မောင်း(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ကျား ၃ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိပြီး (ခ)အဆင့် ယာဉ်မောင်းလိုင်စင်ရှိသူ၊ ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနိုင်သူ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁- ၁၂- ၂၀၂၅ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၅ နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ် နှင့် အသက်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) အိမ်ထောင် ရှိ/ မရှိ

(င) လျှောက်ထားလိုသည့်ရာထူး

(စ) ပညာအရည်အချင်း

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ

(ဇ) ဝန်ထမ်းဖြစ်လျှင် ရာထူးနှင့် ဌာနအမည်

(ဈ) ဆက်သွယ်ရန်လိပ်စာ၊ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) (၁) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရမည်)

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာမိတ္တူ

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း ထောက်ခံချက်မူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း

(ဆ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်

(ဇ) ယာဉ်မောင်း(၅) ရာထူးနေရာတွင် လျှောက်ထားသူများသည် (ခ) အဆင့် ယာဉ်မောင်းလိုင်စင်မိတ္တူ

၅။ အငယ်တန်းစာရေးရာထူးနေရာအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေ ဗဟုသုတဘာသာရပ်တို့ပါဝင်သည့် ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာအတွက် ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာ(လက်တွေ့)စာမေးပွဲကိုလည်းကောင်း၊ ယာဉ်မောင်း(၅) ရာထူးနေရာအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာရေးဖြေစာမေးပွဲနှင့် ယာဉ်မောင်း လက်တွေ့စစ်ဆေးခြင်းကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လက်တွေ့နှင့်လူတွေ့စစ်ဆေးခြင်းတို့ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာအား လျှောက်ထားသူများထံ ဆက်သွယ် အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ်(၅၄)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ၃၁- ၁၂- ၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထား ရမည်။ အသေးစိတ်သိရှိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဝန်ထမ်းရေးရာဌာနခွဲ (ဖုန်း ၀၉-၄၄၉၃၃၃၃၀၀၊ ၀၉-၉၇၇၅၈၅၅၉၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
## အလုံခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၃
## ကွယ်လွန်သူ အင်န်အိပ်ချ်ချောင်ဒရီ (ခ)ဦးဘချစ်(ခ) ဦးအင်န်ဟက်နှင့် အင်န်အိုင်ချောင်ဒရီ(ခ)ဦးတင်လှတို့၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်မေခိုင်စိုး လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ဆင်မင်းလမ်း၊ အိမ်အမှတ်-၉၇ တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ အင်န်အိပ်ချ်ချောင်ဒရီ(ခ)ဦးဘချစ်(ခ)ဦးအင်န်ဟက်နှင့် အင်န်အိုင်ချောင်ဒီရီ(ခ)ဦးတင်လှတို့ ၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်မေခိုင်စိုး က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၈ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၄ ရက်) တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ် သောကြောင့် ထိုကွယ်လွန်သူ အင်န်အိပ်ချ်ချောင်ဒရီ(ခ) ဦးဘချစ်(ခ)ဦးအင်န်ဟက်နှင့် အင်န်အိုင်ချောင်ဒရီ(ခ)ဦးတင်လှတို့၏ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ ဒီဇင် ဘာလ ၈ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆုတ် ၄ရက်) နံနက် ၁၀:၃၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက် ထားသူ ဒေါ်မေခိုင်စိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊နိုဝင်ဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လင်းလင်းထိုက်)
ဒုတိယခရိုင်တရားသူကြီး(၃)
အလုံခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/4563 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၆)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၆ )၊ မြေကွက်အမှတ်(၁၅၉/ခ)၊ မြေဧရိယာ(၀ဒသမ၀၃၈)ဧကရှိမြေအား ဒေါ်ထက်ထက်မြတ် မှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၃)လမ်း၊ မြေကွက်အမှတ်(L-၅၀) ဟုခေါ်တွင်သော အလျားX အနံ (၄၀ X ၆၀)ပေအကျယ်ရှိ ဒေါ်ခိုင်ခိုင် အမည်ပေါက် မြေကွက်အနက် အလျားX အနံ(၂၀X၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်နိုင်ဦး (၅/ဒပရ(နိုင်)၀၆၇၂၃၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ဝင်းမင်း (၁၂/ဒပန(နိုင်)၀၄၆၉၅၈)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါ အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဇာနည်(LL.B, D.B.L, D.I.P.L) (စဉ်- ၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B, D.I.P.L) (စဉ်- ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း- ၀၉-၄၂၀၃၀၀၂၆၂**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲဆေးပစ္စည်းများ၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

**တင်ဒါအမှတ်** - Tender.10.Med & Med Supplies, Reagents and Equipments (4rd) (2025-2026)

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁ - ၁၂ - ၂၀၂၅ ရက်

**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၁၅- ၁၂ -၂၀၂၅ ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ အောင်ချမ်းသာရွာနေ ဦးစောလားကဘော်ထူး ၇/ပခန(နိုင်)၁၈၃၇၅၁ ၏အမည်မှန်မှာ ဦးစောလားကပေါ်ထူးဖြစ်ပြီး သမီးဖြစ်သူ မပြည့်စုံဖူး၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁-၂၀၀၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ဘုမ္မရွာသစ်နေ ဦးသန်းကြွယ်၏သား မောင်ဇော်ဇော်အောင် ၅/ကနန(နိုင်)၀၈၀၀၄၉ ၏ နိုင်ငံကူးလက်မှတ် MD-110341 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၉၁၀၂၇၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၈)လမ်း၊ အိမ်အမှတ်(၁၆၉၈)၊ ကွင်းအမည်-ကြည်တော်ကုန်းတောင်ရပ်၊ ကွင်းအမှတ်၁၆/G၊ ဦးပိုင်အမှတ်(၃-ဆ)ဟုခေါ်တွင်သော (၀.၀၅၄)ဧကအကျယ်အဝန်းရှိ ဦးချစ်သိန်းအမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသောခြံမြေကွက်နှင့် လျှပ်စစ်မီတာ(၁)လုံးအပါအဝင် ခြံမြေကွက်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဘုန်းထက်အောင်(ဘ)ဦးကျော်ဇင်ဝေ ၇/ပခန(နိုင်)၁၉၂၂၄၅ မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောကြားပြီး လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းပြောဆိုလာခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာတင်(ဘ)ဦးတင်ရွှေ ၁၂/သကတ(နိုင်)၀၀၂၀၇၀မှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးသန့်ဇော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၅၁၆၉/၁၈)**
**အမှတ် ၁/၁၆၄၊ ဗိုလ်မင်းသိမ်း(၂)လမ်း**
**ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉- ၄၂၀၁၀၃၅၀၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်သိန်း ၁၂/သခန(နိုင်) ၀၀၈၀၃၅ ပိုင် 2F/8096နှင့် 2F/8097 YBS -34 (သုံးခွ) ယာဉ်လိုင်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ထုတ်ယူခွင့်စာအုပ်နှင့် ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၈၆၈၅၅၅**

## အမည်မှန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် နေ(ဘ)ဦးဇော်ဇော်၏သား UECကိုယ်ပိုင်အထက်တန်းကျောင်း Grade(9)မှ မောင် Innocent အေးချမ်းမြတ်၏ အမည်မှန်မှာ မောင်အင်နိုးစန့်အေးချမ်းမြတ် ၁/မကန(နိုင်)၂၉၃၉၈၀ ဖြစ်ပါကြောင်း။

**မောင်အင်နိုးစန့်အေးချမ်းမြတ်**

## OWIC ကတ်ပျောက်ဆုံးခြင်း

ကျွန်တော် စောထူးမဲ ၇/ကတခ(နိုင်) ၁၇၄၃၄၈၏ ပတ်စ်ပို့အမှတ် MF-222526၏ OWIC ကတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

**ဖုန်း-၀၉-၉၆၅၅၃၀၆၇၈**

## မွေးသက္ကရာဇ်အမှန်

လယ်ဝေးမြို့နယ်၊ Full Moon Private School မှ (Grade-6)တွင် ပညာသင်ကြားနေသော မောင်လင်းသန့်နိုင် (ဘ)ဦးအောင်ဇော်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၈-၂၀၁၃)ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/7010 Toyota Belta SCP 92, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေယဉ် ၉/ပမန(နိုင်)၀၀၃၂၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ ဗိုလ်ဥက္ကာလမ်း၊ မြေကွက်အမှတ် (၇၅၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ချိုချိုဝင်း (B/ RGN- ၀၁၈၉၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးနှင်းစု (၁၂/တမန (နိုင်) ၀၉၅၆၈၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၄၀၉က၊ ဒရယ်မီးကွင်း၊ ဦးပိုင်အမှတ်(၅၂က)၊ ဧရိယာ(၀ဒသမ ၁၁)ဧကအား ဦးသိန်းစိုးမှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒိုက်ဦးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ရပ်(၅)ကျောင်းစုရပ်၊ ဦးပိုင်အမှတ်(၅၆က၊ ၁၂၈)၊ ဧရိယာ(၀ဒသမ၀၃၉၅)ဧကအား ဒေါ်တင်မျိုးနွယ်မှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒိုက်ဦးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအနောက်ကျေးရွာ၊ ၄၉၆ဃ၊ ကျိုက်စကောကွင်း၊ မြေကွက်အမှတ်(၂/၁၃၆၇)၊ ဧရိယာ(၀ဒသမ ၁၅)ဧကအား ဦးသိန်းဇော်ဦးမှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒိုက်ဦးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအနောက်ကျေးရွာ၊ ရန်-မန်းလမ်း၊ ၄၉၆ဃ၊ ကျိုက်စကောကွင်း၊ ဦးပိုင်အမှတ်(၁/၁၃၆၇)၊ ဧရိယာ (၀ဒသမ၀၈)ဧကအား ဦးလှိုင်ဘွားမှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒိုက်ဦးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)- (RA-3)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ် (၀၃၈၈)၊ အကျယ်အဝန်း (၁၀၀ပေ × ၁၀၀ပေ)ရှိ ဦးကျော်ဝင်း (၁၂/တတန (နိုင်) ၀၈၈၀၄၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
## မြန်မာ့အာမခံလုပ်ငန်း
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးလစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၅၀) နေရာတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

၂။ လျှောက်ထားသူများသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရရှိပြီး (ကွန်ပျူတာကိုကျွမ်းကျင်စွာအသုံးပြုနိုင်သူ) ဖြစ်ရမည်။

(ဃ) ၃၀-၁၁-၂၀၂၅ ရက်တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ရွေးချယ်ခံထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) ဌာနတွင် အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာများကို မြန်မာ့အာမခံလုပ်ငန်း (စီမံရေးရာဌာန) နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ၂-၁၂-၂၀၂၅ ရက်နေ့မှ ၁၁-၁၂-၂၀၂၅ ရက်နေ့ထိ ရုံးချိန်အတွင်း လျှောက်လွှာပုံစံများကို အခမဲ့ လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲလျက် မိမိတို့ရေးဖြေ စာမေးပွဲဖြေဆိုလိုသည့် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ ၁၈-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)

(ဆ) ကျန်းမာကြောင်း ဆေးလက်မှတ် မူရင်း

(ဇ) ရက်သတ္တ (၂) ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅) ပုံ

၅။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုးကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင် (မပျက်မကွက်) ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ပြစ်ဒဏ်နှင့် ရာထူးမှထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၆။ သတ်မှတ်ထားသည့် စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက်နောက်ကျမှ ရောက်လာလျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲကို မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာရပ်၊ အထွေထွေဗဟုသုတဘာသာရပ်နှင့် ကွန်ပျူတာကျွမ်းကျင်မှုများကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့် နေ့ရက်နှင့် အချိန် တို့အား စာမေးပွဲမတိုင်မီ ရက်သတ္တပတ် (၁) ပတ်ကြိုတင်၍ ရန်ကုန် (ရုံးချုပ်)၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတစ်ဆင့် အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၂၇/ ၆၃၅) ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁၈-၃၇၉၀၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့အာမခံလုပ်ငန်း**
**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 22W/21175 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၆၄၂၂, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းခန့်သူ ၉/ပသက(နိုင်)၁၄၄၅၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/22355, New Zineng 100 ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဇေထက် ၁၃/ဟပန (နိုင်) ၁၀၆၇၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရှမ်းပြည်နယ်ရုံး**
**(တောင်ကြီး)**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့ တွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများကို အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင် ရွက်မှုအခြေခံဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများမှ အောက်ပါအတိုင်း တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၄၀)၊ မြေဧရိယာ(၂ဒသမ ၁၁)ဧက၊ (၄)ခန်းတွဲ(၆)ထပ်တိုက် (၈) လုံး (Lot-1)

(ခ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၀၆)၊ မြေဧရိယာ( ၁ဒသမ ၉၅၈)ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၁၀)လုံး (Lot-2)

(ဂ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၀၇)၊ မြေဧရိယာ (၂ဒသမ ၂၃)ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက်(၈)လုံး၊ (၂)ထပ် Shop House (၂၀)လုံး (Lot-3)

(ဃ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၆၅)၊ မြေဧရိယာ(၂ဒသမ၃) ဧက၊ (၄)ခန်းတွဲ(၆)ထပ်တိုက် (၁၀)လုံး (Lot-4)

(င) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းအမှတ်(၉၀)၊ မြေဧရိယာ(၂ဒသမ ၈၉၂)ဧက၊ (၄)ခန်းတွဲ (၆)ထပ်တိုက် (၁၀)လုံး (Lot-5)

(စ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၂၀)၊ မြေဧရိယာ(၄ဒသမ ၄၇)ဧက၊ (၄)ခန်းတွဲ(၆)ထပ်တိုက် (၁၅)လုံး (Lot-6)

(ဆ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၂၀)၊ မြေဧရိယာ(၅ဒသမ ၁၁)ဧက၊ (၄)ခန်းတွဲ(၆)ထပ်တိုက် (၁၅)လုံး (Lot-7)

(ဇ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၂၀)၊ မြေဧရိယာ (၁၀ဒသမ ၅၂)ဧက၊ (၄)ခန်းတွဲ(၆)ထပ်တိုက် (၁၅) လုံးနှင့် Commercial Area -၂ဒသမ၇၃ဧက (Lot-8)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၁၂-၂၀၂၅ရက် မှ ၁၈-၁၂-၂၀၂၅ရက်ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ကျောက်တံတားမြို့နယ်၊ (၁၀)ထပ်ရုံး၊၈-လွှာ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

၄။ **တင်ဒါပုံစံနှင့်တင်ဒါအာမခံကြေးငွေ (PO)တင်သွင်းရမည့်နောက်ဆုံးရက်** - ၃၁-၁၂-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အားကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအား သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဖုန်း -၀၉-၈၈၀၀၁၅၈၁၁၁သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှု နိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ၁၀ ထပ်ရုံး၊ ၈-လွှာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ) သို့ဖြစ်စေ၊ ဖုန်း -၀၉-၈၈၀၀၁၅၈၁၁၁သို့ ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ငေါ့ချန်းတပ်ကုန်းရပ်ကွက်၊ နယ်မြေ(၆) ရှိ အကွက်အမည် ၉/၁ တာပူ၊ ဦးပိုင်အမှတ် N၁၀၆/၁က မြေကေသည် ဖခင် ဦးယိန်းဘောမ် ၁/မကန(နိုင်) ၀၆၅၇၁၅၏ မြေကွက်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဖခင်ဦးယိန်းဘောမ်ကွယ်လွန်ပြီးနောက် ဇနီးနှင့်သားသမီး (၈)ဦးတို့၏ အမွေအဖြစ်ကျန်ရစ်ခဲ့ခြင်းဖြစ်၍ သား/သမီး(၈)ဦးတို့၏ သဘောတူညီချက်မရရှိဘဲ ပေါင်နှံ/ရောင်းချ/ပေးကမ်းခြင်းမပြုလုပ်ရန် နှင့် ပြုလုပ်လာပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကန့်ကွက်သူများ ဦးဘောမ်ဇုန်း ၁/မကန(နိုင်) ၀၉၇၉၃၄နှင့် ညီအစ်ကိုမောင်နှမများ**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ် (၃/ကွက်သစ်ရပ်)၊ ဦးပိုင်အမှတ် (၁၈၆)၊ ဧရိယာ (၀ဒသမ၁၂၅)ဧကရှိ ဝင်းမြေအား ဦးလျံဇမုံ ၄/တတန(နိုင်) ၀၀၁၃၀၃က ၎င်းအမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလျံဇမုံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အမှတ်(၈/၄၉)၊ အောင်မင်္ဂလာရပ်ကွက်၊ကလေးမြို့၊**
**ဖုန်း-၀၉-၉၆၂၅၁၁၂၅, ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂/၈)ရပ်ကွက်၊ ဗထူး(၆)လမ်း၊ အမှတ် (၂၄/ခ)၊ (ယခင် အိမ်အမှတ်(၁၁၉၁)၊ပေ(၂၀X၆၀)ဟုခေါ်တွင်သော တောင်ဘက်ခြမ်း နေအိမ်နှင့်မြေကွက်အား ကျွန်ုပ်အမှုသည်မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမှ လက်ခံစဉ်းစားမည် မဟုတ်ဘဲ ကျန်ငွေများကို ဆက်လက်ပေးချေ၍ နေအိမ်နှင့်မြေကွက် အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်ယဉ်စိန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၂၄၅)**
**ဖုန်း-၀၉-၇၉၅၂၁၅၁၆၆**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇
## ကွယ်လွန်သူ ဦးထွန်းထွန်းဦး ၏
## ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ပဲခူးမြို့၊ ဟသ်ာကုန်းရပ်ကွက်၊ မွန်စံပြ(၅)လမ်း၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထွန်းထွန်းဦး၏ သေတမ်းစာအတည်ပြုသည့်လက်မှတ် / ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန္ဒာရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်(၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထွန်းထွန်းဦး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်(၁၃၈၇ခုနှစ်၊ ပြည်သိုလဆန်း ၁၁ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် / အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စန္ဒာရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝင်းလဲ့လဲ့ထိန်)**

**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြင်သာ(၅)လမ်း၊ မြေကွက်အမှတ် (၂၃၂/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၂၀X၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁) ခန်းတွဲ၊ (၆)ထပ်တိုက် RCအဆောက်အအုံ၏ ပထမထပ်(၂လွှာ)၊ အခန်းအကျယ်အဝန်း(၁၈X ၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေရှင်နှင့်ကန်ထရိုက် အကျိုးတူစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမင်းသီဟ(၁၂/မဂတ(နိုင်)၀၉၂၇၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နီနီဝင်း**
**(၁၁/ကဖန(နိုင်)၀၄၀၂၀၂)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်သူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂/၂၀၀၇)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁**

## ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၆) Grade-11(A)မှ မကေသရီခင် ၁၃/လလန(နိုင်)၁၃၆၅၀၇၏ ဖခင်အမည်မှန်မှာ ဦးဖိုးချော ဖြစ်ပါကြောင်း။

**ဦးဖိုးချော**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ယန္တရားမောင်း -၄ တာဝန်ထမ်းဆောင်နေသူ ၏ အမည် ဦးကျော်ကျော်ဝင်း (ခ) ဦးဖိုးကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံး

ငပုတောမြို့နယ်၊ လိပ်ချောင်းကျေးရွာအုပ်စု၊ ဒယ်ကုန်းကျေးရွာနေ ဦးဇော်လင်းအောင်၏ သမီးဖြစ်သူ မစုမြတ်လှိုင် ၁၄/ငပတ(နိုင်) ၂၆၁၇၄၆ ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၉၅၅၉၂၅၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပြွန်တန်ဆာ၊ မြို့မ(၁) ရပ်ကွက်၊ (၃၄၁ခ၊ ကြည်တောစားကျက်ကွင်း)၊ ဦးပိုင်အမှတ် အမှတ်(၇)၊ မြေကွက်အမှတ်(၆၂A)၊ ဧရိယာ (၀ဒသမ၁၀၂)ဧကကို စောအောင်ကြည်သန်းမှ အမည်ပြောင်းခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ် ၁၊ အခန်း ၂၀၂/ဘီ၊ ပထမထပ်၊ အကျယ်အဝန်း(၂၅X၆၀)ပေခန့်ရှိ တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အဲယားကွန်း(၂)လုံး၊ ရေပူရေအေးစက်(၁)လုံး အပါအဝင်အကျိုးခံစားခွင့်များအားလုံးနှင့်ပတ်သက်၍ မူလပိုင်ရှင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ခင်ပွန်းဦးရဲထွဋ်(၁၂/ကတတ(နိုင်)၀၁၀၀၉၉)သည်(၂၇-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည့်အတွက် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပြီး လက်ရှိရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသည့် ဒေါ်မေကြည်ဝင်း (ဘ)ဦးမောင်မောင် ၁၂/ကတတ(နိုင်)၀၁၀၁၀၀ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဥပဒေအရ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ်ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ရီစလင်း တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၈၅)**
**အမှတ်-၅၅ ၊ပထမထပ်၊ အခန်း-၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။**
**ဖုန်း-၀၉-၅၀၉၃၁၁၅။**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၂၄)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-G၁)၊ မြေကွက်အမှတ် (V - ၁၆၆)၊ အကျယ်အဝန်း(၃၁X၆၀)ပေ၊ (၀.၀၄၃)စတုရန်းပေ၊ နှစ်(၆၀)မြေငှားဂရန်၊ အမည်ပေါက် ဦးဇော်နိုင် + ၁ဖြင့်ရှိပြီး ဦးမိုဟာမက်အိလိယာစ်မှ လေလံအောင်မြင်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူထားသော (က)မြေကွက်နှင့် မြေငှားဂရန်ပိုင်ဆိုင်မှု၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးဖြစ်သော မြေငှားခ၊ အမည်ပြောင်းခ၊ အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်အရပ်အားလုံးနှင့် (ခ)၎င်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂) ခန်းတွဲ(၇)ထပ်တိုက်၏ အကျယ်အဝန်း(၁၅ X ၆၀)ပေ၊ မြေညီထပ် ဘယ်/ညာ(၂)ခန်းနှင့် ပထမထပ်ဘယ် ညာ(၂)ခန်း တိုက်ခန်း(၄)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမိုဟာမက်အိလိယာစ်(၁၀/မလမ(နိုင်)၁၅၄၂၁၅)မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းခဲ့ရာတွင် ဦးကောင်းခန့်ဇေ (၁၂/မဂတ(နိုင်)၁၁၀၃၂၈)မှလည်း ဝယ်ယူရန်သဘောတူ၍(၂၇-၁၁-၂၀၂၅)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကောင်းခန့်ဇေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး(စဉ်-၃၀၈၀၇) အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပြွန်တန်ဆာမြို့၊ မြို့မ(၁) ရပ်ကွက်၊ (၃၄၁ခ၊ ကြည်တောစားကျက်ကွင်း)၊ မြေကွက်အမှတ် (၁၈က၊ ၃၅က)၊ ဧရိယာ(၀ဒသမ ၁၆၅)ဧကကို ဦးစောမောင်မောင်မှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ ငှက်ပျောတောကျေးရွာအုပ်စု၊ (၁၉၆ခ)ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ်(၇၃/၂)၊ မြေကွက်အမှတ်(၈၇၃)၊ ဧရိယာ (၀ဒသမ ၁၅)ဧကကို ဦးမြတ်ဦးပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်၊ မြို့မ(၁) ရပ်ကွက်၊ (၂၀၂၊ကျူချောင်းကွင်း)၊ အိမ်ကွက်အမှတ် (၄၇၅)၊ဧရိယာ (၀ဒသမ၀၅၅၀)ဧကကို ဒေါ်မိမိမွန်မှ မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက် သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ စိန်မိုက်ကယ်လမ်း၊ ကွင်း/အကွက်အမှတ်-(၃/တာဟန်းအနောက်ရပ်)၊ ဦးပိုင်အမှတ်(၁၂၅/က)၊ ဧရိယာ (၀ဒသမ၀၅၇)ကေရှိ ဝင်းမြေအား ဒေါ်နင်ရှဲလ်ဝုန် ၅/ကလထ(နိုင်) ၀၅၂၄၂၈က ၎င်းအမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နင်ရှဲလ်ဝုန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၁၆/၂၀၁၃)**
**အမှတ်(၈/၄၉)၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၉၆၂၁၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၀ဧကရှိ ဦးအောင်မျိုးသန်း ၅/မမန(နိုင်)၁၅၉၆၆၃(ဘ)ဦးခင်မောင်သန်းအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၃၂၅၀)ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၁/၂၀၂၂(၇-၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိုမိုအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀(ဘ) ဦးမျိုးအောင်မှ ဦးမျိုးမင်းထိုက် ၅/ငဇန(နိုင်)၀၆၉၂၂၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၁၁၀ဧက)ရှိမြေကွက်အမှတ်(ပ-၂၂၈၇၄)ကို အမည်ပေါက် ဒေါ်မလားလ်ရွှန်ငှက်(ဘ)ဦးဆန်းလျံနာ ၅/ကလထ(နိုင်)၃၀၉၁၉၀မှ ဦးအောင်မျိုး(ဘ)ဦးသိန်းအောင် ၆/သရခ(နိုင်)၀၃၆၅၀၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်ရွှေ(ဘ)ဦးထွန်းတင် နှင့်အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဗ-၉)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ဒသမ၀၃၀)ကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးတင်ရွှေ(ဘ)ဦးထွန်းတင် [DY-၀၇၂၅၇၅]ထံမှ ကျွန်တော် ဦးချစ်လှိုင်(ဘ)ဦးလှထွန်း ၅/ဖပန(နိုင်) ၀၄၆၈၈၅က အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် လာရောက်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်ရွှေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်မေသူဝင်း LL.B,LL.M,DBL** | **ဒေါ်မြတ်နှင်းခိုင် LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**ရုံး-အမှတ်(၆/၄)၊ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄x၆၅လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၆၁၀၀၁၇၄၊ ၀၉-၃၃၅၃၃၅၇၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4642 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ ငှက်ပျောတောကျေးရွာအုပ်စု၊ (၁၉၆ခ)ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ်(၇၃ခ/၂)၊ မြေကွက်အမှတ်(၈၇၂)၊ ဧရိယာ (၀ဒသမ ၁၃)ကေကို ဦးမြတ်ဦးပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်းဆိုင်ရာ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ ရပ်(၁၀)၊ ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၅၃က)၊ မြေကွက်အမှတ်(၁၁၂B)၊ ဧရိယာ(၀ဒသမ၀၂၅၃)ကေကို ဦးကျော်လွင်မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားမှုကို ကန့်ကွက်လိုပါက ကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ဆိုင်ရာအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကွင်းအမှတ်(၈၉၇-BW)၊ မြက်တိုတောင်ကွင်း၊ ဦးပိုင်အမှတ်(၃-ခ+၄-ခ)၊ ဧရိယာ(၁.၀၅)ကေအနက်မှ (၀.၉၃)ကေရှိမြေကို ငါးသိုင်းချောင်းမြို့၊ မြို့မရပ်ကွက်၊ သိမ်ကြီးလမ်းနေ ဦးသန်းနိုင်-ဒေါ်သန်းသန်းနွယ် တို့မှ စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ ကွင်းအမည်(ရွှေပန်းရပ်)၊ မြေကွက်အမှတ် (၁၁ဃ)၊ မြေဧရိယာ(၀ဒသမ၃၀၃)ကေရှိမြေအား ဒေါ်ဆွေဆွေလတ်မှ ခွဲစိတ်အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးရန် လျှောက်ထားလာမှု နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့။**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ ကုန်သည်ရပ်ကွက်၊ ချယ်ရီလမ်း၊ ကွင်းအမှတ်(၃)၊ ကွင်းအမည် ကုန်သည်ရပ်၊ ဦးပိုင်အမှတ် ၉၅ဃ+၁၅၇၊ ဧရိယာ(၀ဒသမ၁၄၅၀)ကေအား ဒေါ်ခင်လှဝင်း အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- အရှေ့လားသော်- ဦးပိုင်အမှတ် ၉၄က
- အနောက်လားသော်- ဦးပိုင်အမှတ် ၉၅ခ
- တောင်လားသော်- ဦးပိုင်အမှတ် ၁၅၂၊ ၈၈ခ
- မြောက်လားသော်- ဦးပိုင်အမှတ် ၁၂၅င

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၄)နေ မနန်းသိင်္ဂီ ၉/မထလ(နိုင်) ၃၆၁၀၅၉၏ ဖခင်အမည်မှန်မှာ ဦးစန်းရင် ဖြစ်ပါကြောင်း။

**ဦးစန်းရင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက(လင်းခေး)မှ ဒုလယ်ပြဆရာမ ဒေါ်နန်းမိုခမ်းအေး ၁၃/လခတ(နိုင်) ၀၁၆၆၈၁၏ ဖခင် ဦးစိုင်းမေထာ (ခ) စိုင်းမေထာ(ခ) ဦးမေထာ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက-လင်းခေးမှ ဒုလယ်ပြဆရာမ ဒေါ်နန်းစိုးမိုးအေး ၁၃/လခတ(နိုင်)၀၀၀၀၀၆၏ ဖခင် ဦးစိုင်းထွန်းအေး(ခ)စိုင်းထွန်းအေး (ခ) ဦးထွန်းအေး မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်နေ (ဘ)ကုသလ၏ သားစိုင်းတွမ်းစွမ် ၁၃/လခန(နိုင်) ၀၄၅၉၃၉၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-067532)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၄၀၁၉၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈/၂၊ မြေကွက်အမှတ် ၁၂၀၉၊ ပါမစ်မြေ အမျိုးအစား ဗက-လှထွန်း(ဘ)ဦးအောင်စိန် ၉/မမန(နိုင်)၀၀၆၃၃၀ အမည်ပေါက် အလျား ၄၀ပေx အနံ ၆၀ပေရှိ မြေကွက်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းဇော်လင်း(ဘ)ဦးချစ်ရှင် ၁၂/ရကန(နိုင်) ၀၁၅၂၄၉ထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစောနောင်ဦး (ဘ) ဦးသောင်းရှိန် ၁၂/ဥကမ(နိုင်)၁၈၄၇၆၆မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B,DBL, DIL,DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့မ တောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အမှတ် (ပ-၄၄၅၇)၏ မြေပေးမိန့် (မြေကွက်နေရာချထားပေးခြင်းလက်မှတ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ကြည်လေး ၉/တကန(နိုင်) ၂၇၇၂၉၁ (ဘ) ဦးပုမှ မြေပေးမိန့်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ မြေကွက်ပေါ်ရှိ အဆောက်အအုံဓာတ်ပုံများတင်ပြပြီး မြေပေးမိန့်(မြေကွက်နေရာချထားပေးခြင်းလက်မှတ်) မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/5973၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဓမ္မသိဒ္ဓိ(၄)လမ်း၊ အမှတ်-၁၄၉(ပထမထပ်)နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းဇော်နှင့် ဒေါ်အေးသန္တာထွန်းတို့၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းဇော်နှင့် ဒေါ်အေးသန္တာထွန်းတို့၏ သားဖြစ်သူ ဦးဘုန်းကောင်းစံ ၁၂/ဥကတ(နိုင်) ၁၇၄၁၇၇သည် မိဘနှစ်ပါးလုံး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ၊ မိဘနှစ်ပါးလုံးအား စိတ်ဆင်းရဲမှု ဖြစ်စေသည့် ဒုက္ခအမျိုးမျိုးတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့် အပြုအမူမျိုးကို ပြုလုပ်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ဦးဘုန်းကောင်းစံနှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို ဦးဘုန်းကောင်းစံနှင့်သာ ရှင်းလင်းဆောင်ရွက်ကြရန်ဖြစ်ပြီး ၎င်းနှင့်ပတ်သက်ပြီး ဦးသိန်းဇော်နှင့် ဒေါ်အေးသန္တာထွန်းတို့မှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်ဝင့်သီရိကျော် အထက်တန်းရှေ့နေ(စဉ်-၅၅၈၂၈)**
**တိုက်(၂)၊ အခန်း(၄၀၅)၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) သထုံကျောင်းမှ (၂၀၂၅-၂၀၂၆) ပညာသင်နှစ်တွင် Grade-11 တန်းခွဲ(A)မှ နန်းစုရတီစိုး၏ ဖခင်အမည်မှန်မှာ ဦးဘိုဘို ၁၀/သထန(နိုင်) ၁၀၁၈၆၀ ဖြစ်ပါကြောင်း။

**ဦးဘိုဘို**
**၁၀/သထန(နိုင်) ၁၀၁၈၆၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁၁-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၂) ကြော်ငြာစာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် အကြောင်းကြားစာကြော်ငြာ၏ ဒုတိယစာပိုဒ်တွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်အစား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ်-၁၄၆/ခ၊ ဧရိယာ(၀.၀၃၃)ကေ၊ မြေကွက်တည်နေရာအမှတ်-၁၄၆/ခ၊ မြဝတ်ရည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးတင်သောင်း (HLG -၀၂၄၁၀၈) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ မြေရာဇဝင်မှတ်ချက်(၁)အရ ၂၀၁၅ခုနှစ်တွင် ဘဏ်ငွေချေးရန် မြေပုံမြေရာဇဝင်ထုတ်ယူထားကြောင်း မှတ်ချက်ရေးသွင်းထားသဖြင့် ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ဝင်စာအမှတ်- ၁၁၅၁၇/၂၂-၁၀-၂၀၂၅ ဖြင့် အဆိုပါ ဘဏ်ချေးမြေပုံမှာ ၎င်း၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ကျမ်းကျိန်မှတ်ပုံတင်အမှတ်၁၂၆၃၈/၂၂-၁၀-၂၀၂၅ ဖြင့် ကိုယ်တိုင်ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘဏ်ငွေချေးရန်မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့်ပန်းတောင်းမြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန် အမည်ပြောင်း/သက်တမ်းတိုး/အသစ်ရရှိရေးအတွက် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ချုပ်ဆိုထားသည့် စာချုပ်များဖြင့် လျှောက်ထားလာပါ၍ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင် စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်များခွင့်ပြု ချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ရပ်ကွက် | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်တင်တင်ဝင်း ဒေါ်ခင်အုန်းမြင့် ဒေါ်သန်းသန်းအေး | ဦးမောင်မောင် | ဆင်စု | ၁၀A/ ရွာသစ်အကွက် | ၁၁၁က | ၀.၀၃၉ | ပြောင်း /တိုး |
| ၂ | ဒေါ်စန်းစန်းမြင့် ဒေါ်တင်တင်ဌေး | ဒေါ်ရှင် | ဆံတော် | ၈/ဆေးရေး | ၁၀၉ခ | ၀.၀၇၈ | ပြောင်း /တိုး |
| ၃ | ဒေါ်ယဉ်သန်း | - | ရတနာပုံ | ၄၆/ရတနာပုံ | ၁၆၂ | ၀.၂၁၄ | သစ် |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၇၁၀(က)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကေ၊ မြေကွက်တည်နေရာအမှတ်-၇၁၀(က)၊ မြယာကုန်းလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်မြင့်မြင့်ဦး ၁၂/ကမတ(နိုင်)၀၀၃၁၄၅ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံးတော်၏ တရားမကြီးမှုအမှတ်-၄၈/၂၀၂၄(၅-၁၁-၂၀၂၄)ဖြင့် ဒေါ်မြင့်မြင့်ဦးအား တရားပြိုင်ပြု၍ တရားလို ဒေါ်စုမွန်ကျော်မှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ကြီးချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ဒေါ်စုမွန်ကျော်မှရရှိခဲ့သည့် ၅-၁၁-၂၀၂၄ ရက်စွဲပါ တရားရုံးစီရင်ချက်အနိုင်ဒီကရီနှင့် တရားရုံးများကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘိလစ် ဒေါ်ငုဝါ ၁၂/လမန(နိုင်)၀၂၉၆၃၃ အား ခန့်အပ်သည့် ၂၅-၂-၂၀၂၅ရက်စွဲပါတရားမဇာရီမှုအမှတ်-(၆/၂၀၂၅)၏ထုံးပုံကျ အပြီးသတ်အမိန့်၊ ရွှေပြည်သာမြို့နယ်တရားရုံး၏ (၆-၃-၂၀၂၅)ရက်စွဲပါ ဘိလစ်ခန့်အပ်စာ၊ နှစ်(၆၀)ဂရန်မူရင်း၊ တရားရုံးသို့တင်ပြခဲ့သည့် အရပ်ကတိအရောင်းစာချုပ်၊ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## Flower Group Members များသို့ အသိပေးအကြောင်းကြားခြင်း

ဦးမင်းထက်လင်း ၁၃/လရန(နိုင်)၀၇၉၃၃၂ Flower Group ၏ SME လုပ်ငန်းများသည် လားရှိုးမြို့၌ ၂၇-၁၀-၂၀၂၃ ရက်မှစ၍ ပြိုလဲပျက်စီးခဲ့ပါသည်။ ကုမ္ပဏီ၏ပြိုလဲမှုများကို ရင်းနှီးမြှုပ်နှံ ထားသော Members များမှ စိုးရိမ်သောက များဖြစ်ပေါ်နေပြီး မြှုပ်နှံငွေများ ဆုံးရှုံးမည်ကို စိုးရိမ်သောက ဖြစ်နေကြသည့်အပေါ် ဦးမင်းထက်လင်းမှ Members များ ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းနိုင်စေရန်အတွက် ၎င်းပိုင်ဆိုင်သော မြေများကို ရောင်းချ၍သော်လည်းကောင်း၊ ခွဲဝေ၍သော်လည်းကောင်း ရှင်းလင်းပေးရန် ဆောင်ရွက်နေပါကြောင်း၊ လက်ခံရယူမည့်အဖွဲ့ (၁၁)ဖွဲ့၏ ဦးဆောင်ကိုယ်စားလှယ်များ၊ ကုမ္ပဏီဖွဲ့စည်းထားသော အလုပ်အမှုဆောင်များပါဝင်သော ဦးဆောင်အဖွဲ့ဝင်များထံသို့ ၃၁-၁၂-၂၀၂၅ ရက်တွင် နောက်ဆုံးထား၍ စာရင်းရှင်းလင်းလွှဲပြောင်းပေးသွားမည်ဖြစ်ပါသဖြင့် Flower Group Membersဝင်များမှ ဦးဆောင် ကိုယ်စားလှယ်များထံသို့ ဆက်သွယ်၍ စာရင်းရှင်းလင်းနိုင်ရန် အသိပေးအကြောင်း ကြားအပ်ပါသည်။ ဦးဆောင်ကိုယ်စားလှယ်များထံသို့ ဆက်သွယ်အကြောင်း မကြားသည့် Members ရှင်များအား Flower Group Company စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးမင်းထက်လင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာထွန်း(LL.B,D.B.L) အထက်တန်းရှေ့နေ (စဉ်-၅၂၈၀၆/၂၀၂၀)
အမှတ်(၃၈)၊ ဝန်ဇင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၇၇၃၄၅၀၆၀၄

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၃၈

ဒေါက်တာတင်မောင်အေး နှင့် ၁။ ဦးလှသိန်း
၂။ ဒေါ်ကျော့ကျော့ခိုင်

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့စွဲပါ မဟာအောင်မြေခရိုင်တရားရုံးတော်မှ တရားမကြီးမှု အမှတ်-၁၇၅/၂၀၂၂ ကို အယူခံမှု။

အယူခံ တရားပြိုင် ၁။ ဦးလှသိန်း (ဘ) ဦးနီ အကွက်(၈၈-၂၅)၊ ဦးပိုင်(၂၅)၊ ထွန်းတုံးရပ်ကွက်၊ ၅၃-၅၄ကြား၊ မနော်ဟရီလမ်းမြောက်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

ယခုအမှုတွင် မဟာအောင်မြေခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါက်တာတင်မောင်အေးက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ပြေပြေအောင် )
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အဝေရာလမ်းသွယ် (၃)၊ အိမ်အမှတ် (၄/၁၉/၈၆၉)နေ ဦးအိုက်ဆန်နှင့် ဒေါ်အေးစံ ၁၃/လရန(နိုင်)၀၃၈၇၃၆ တို့၏ သားဖြစ်သူ မောင်စိုင်းထွန်းလှ ၁၃/လရန(နိုင်)၁၀၈၁၀၀ သည် မိဘတို့၏ ဆိုဆုံးမမှုအား မနာခံဘဲ မိခင်ဖြစ်သူကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်နေသူဖြစ်ပြီး မိခင်မကျန်းမာသည့်အချိန်တွင်ပြုစုကြည့်ရှုခြင်းမရှိဘဲ ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောလူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(ဦးအိုက်ဆန်)-ဒေါ်အေးစံ ၁၃/လရန(နိုင်)၀၃၈၇၃၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-စာရင်းစစ်မှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၈၅ | - စာရင်းပညာနှင့်သက်ဆိုင်သော B.Com, B.Actဘွဲ့ တစ်ခုခုရရှိထားသူ / အခြားဘွဲ့ + ဒီပလိုမာစာရင်းကိုင်လက်မှတ် (DA) ရရှိပြီးသူ |
| | | ၁၄ | - ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc) /ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech) |
| (ခ) | လက်ထောက်စာရင်းစစ်မှူး (လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | ၁၉၂ | - စာရင်းပညာနှင့်သက်ဆိုင်သော B.B.A , B.B.M, B.B.Sc(A&F) ဘွဲ့တစ်ခုခုရရှိထားသူ |

၂။ လက်ထောက်စာရင်းစစ်မှူးရာထူးနေရာအတွက် ယင်းရာထူးကို ကျော်ထောက်နောက်ခံထား၍ ဒု-လက်ထောက်စာရင်းစစ်မှူးရာထူး (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် အလုပ်သင်ကာလအဖြစ် (၆)လခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှု ကျေနပ်မှုရှိပါက လက်ထောက်စာရင်းစစ်မှူးရာထူးနေရာ တွင် ခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည် ၃၀-၁၁-၂၀၂၅ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရပါမည်။ရေးဖြေနှုတ်ဖြေစာမေးပွဲများကို အပိုဒ်(၁)ဖော်ပြပါရုံးများ၌ လျှောက်ထားဖြေဆိုရမည်ဖြစ်ပါသဖြင့် လျှောက်လွှာများကို ၂၈-၁၂-၂၀၂၅ရက် (ကြာသပတေးနေ့)အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့) စနစ်ဖြင့်ဖြစ်စေ သတ်မှတ်ပုံစံ၊ သတ်မှတ်အထောက်အထားများပူးတွဲ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။ ကွန်ပျူတာဘွဲ့များအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင်သာ ခန့်ထားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် စာဖြေဌာနများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင် ကြေညာပေးမည် ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကို ဘာသာရပ်တစ်ခုလျှင် (၂)နာရီ မေးခွန်းဖြင့် (၁၇-၁-၂၀၂၆) ရက်၊ နံနက် (၉:၀၀ နာရီမှ ၁:၀၀ နာရီ)ထိ အင်္ဂလိပ်စာနှင့် မြန်မာစာဘာသာရပ်များကိုလည်းကောင်း၊ မွန်းလွဲ (၂:၀၀နာရီ)တွင် အထွေထွေဗဟုသုတဘာသာရပ်ကို လည်းကောင်း နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး / ပြည်နယ် စာစစ်ဌာနများတွင် ကျင်းပမည် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ Websiteဖြစ်သော www.oagmac.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၄၀၇၂၈၈၊ ၀၆၇-၄၀၇၇၆၃၊ ၀၆၇-၄၀၇၃၃၄နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံး များသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ လျှောက်ထားသူများသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူပုံ ရေးသားပေးပို့နိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ အမှတ်(၁)ရပ်ကွက်၊ ကန်သာယာလမ်း၊ မြေကွက်အမှတ်(၃၀၃)၊ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ ခေါင်းရင်းခြမ်းအတွင်းဘက်ခြမ်း မြေပေ(၁၀x၆၀)၊ (ဦးမှုဟာမက်ကာဆိပ်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်)ရှိ မြေကွက်နှင့်နေအိမ် (ရေ၊ မီး) အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ လက်ရှိထား ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဖာတမာ၁၂/အလန(ပြု) ၀၀၀၂၅၉မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန့်ဇော်အောင် ၁၂/ဥကမ(နိုင်)၂၆၂၆၉၃ နှင့် ဒေါ်သန်းသန်းရီတို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-** ဦးသန့်ဇော်အောင်၊ ဒေါ်သန်းသန်းရီ

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ညိုမာထွေး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၆၇၂)
အမှတ်(၁၃၇၁/ခ)၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။
ဖုန်း -၀၉- ၄၂၀၂၉၄၀၀၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု **(RA)- (RA-1)**၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၁၆၂၅) + (၁၆၂၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဦးစန်းလွင် (၁၂/တတန (နိုင်) ၁၁၀၉၈၈) အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစန်းလွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ စာဂ (၂၀)လမ်း၊ မြေကွက်အမှတ် (၅၅၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးထွန်းထွန်းဝင်း (၁၀/ခဆန (နိုင်) ၀၇၁၂၂၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းထွန်းဝင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## မွန်ပြည်နယ်အစိုးရအဖွဲ့
## မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ သံဖြူဇရပ်မြို့နယ်၊ မီးရထားပြတိုက်နှင့် ပန်းခြံအဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်းအပိုင်း (ဂ)ဧရိယာ၏ မြေဧရိယာ(၀.၈၂)ဧကအတွင်း Food Court တည်ဆောက်ခြင်းနှင့် (၀.၈၂)ဧကအတွင်း Mini Market တည်ဆောက်ခြင်း လုပ်ငန်းများကို ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **အဆိုပြုလျှောက်လွှာရောင်းချမည့်ရက် အချိန်၊ နာရီ** | - | (၂၇-၁၁-၂၀၂၅)ရက် (ကြာသပတေးနေ့)မှ (၁၈-၁၂-၂၀၂၅)ရက် (ကြာသပတေးနေ့)အထိ |
| | - | နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ |
| (ခ) **အဆိုပြုလျှောက်လွှာတန်ဖိုး** | - | (၅၀၀၀၀)ကျပ် |
| (ဂ) **အဆိုပြုလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်နေ့ရက် အချိန်၊ နာရီ** | - | (၂၃-၁၂-၂၀၂၅)ရက် (အင်္ဂါနေ့) |
| | - | (၁၅:၀၀)နာရီ |
| (င) **နေရာ** | - | မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ကမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့ |

၂။ တင်ဒါခေါ်ယူမှုနှင့်စပ်လျဉ်း၍ ယှဉ်ပြိုင်သည့်ကုမ္ပဏီမှသာ သိစေအပ်သည့် အသေးစိတ်အချက် အလက်များကို အခြားလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုပါကြောင်း သဘောတူညီချက်တင်ပြမှုဖြင့် လျှောက်လွှာရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာတင်သွင်းသူများထံ အဆိုပြုလွှာဖွင့်လှစ်မည့်ရက်ကို ထပ်မံအကြောင်း ကြားပေးပါမည်။

၄။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၂၃၂၂၅၂၊ ၀၉-၄၂၀၇၀၁၉၆၀ နှင့် ၀၉-၄၂၅၂၉၄၂၅၅ သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

ရှင်းဟန် မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်ငွေရေးကြေးရေးလုပ်ငန်းလိုင်စင်အမှတ် (၀၂၆၁/၂၀၁၇) ၏ ၂၀-၁၁-၂၀၂၅ ရက်တွင် ပြုလုပ်ကျင်းပသော ဒါရိုက်တာအစည်းအဝေးတွင် MR. KOO JEONG MO(Passport No-M 91716839) သည် မိမိဆန္ဒအလျောက် ၎င်း၏ကုမ္ပဏီဒါရိုက်တာ အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ခဲ့ပါသည်။

အဆိုပါလစ်လပ်နေရာအတွက် MR. KIM TAE JUNG (Passport No-M 59072378) ဦးစိုးမင်းနိုင် ၇/ကတခ(နိုင်)၀၀၀၆၄၂ နှင့် ဒေါ်ကြည်စန်းဝေရင် ၁၂/ဥကမ(နိုင်)၃၀၄၁၅၀ တို့အား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ခန့်အပ်လိုက်ပါကြောင်း အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

Shinhan Microfinance Co., Ltd

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်-ပတ္တမြားတောင်ပိုင်း၊ မြေကွက်အမှတ်-၃၂၅၊ အကျယ်အဝန်း (၃၀ x ၅၀)ပေရှိ ဦးသန်းထွန်း အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ ပတ္တမြားမြို့သစ်၊ နဝရတ် (၃)လမ်း၊ အိမ်အမှတ်-၁၂ ဟုခေါ်တွင်သော နှစ်ထပ်အိမ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေအမည်ပေါက် ဦးသန်းထွန်း(ကွယ်လွန်)၏ တရားဝင်ဇနီးဖြစ်၍ ယင်းမြေနှင့်အိမ်ကိုဆက်ခံပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ယဉ်ယဉ်နွဲ့(ခ)ဒေါ်ရင်ရင်နွဲ့ ၁၂/မဂဒ(နိုင်)၀၆၆၅၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံပြည့်စုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး - LL.B, D.B.L တရားလွှတ်တော်ရှေ့နေ
လိုင်စင်အမှတ်-၉၇၂၉/၂၀၁၄
ဝေဠုဝန်လမ်း ၊ ကုန်းတလပေါင်းကျေးရွာ (အလယ်ပိုင်း)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၃၈၁၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကေ၊ မြေကွက်တည်နေရာ-အမှတ်(၃၈၁)၊ မော်လမြိုင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်နီနီဝင်း(ခ)နီလာမျိုး ၁၂/လမတ(နိုင်)၀၂၈၆၉၄ အမည်ပေါက်၊ ဂရန်မြေအား အမည်ပေါက်မှ မေတ္တာဖြင့် ခင်ပွန်းဖြစ်သူ ဦးဇာနည်ရွှေလှိုင် ၁၂/တမန(နိုင်)၀၇၅၃၆၀ ထံသို့ ၂၇-၁၀-၂၀၂၅ ရက်တွင် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပြီးအပိုင် ပေးကမ်းခဲ့ပါသည်။ ပေးကမ်းသူ ဒေါ်နီနီဝင်း(ခ)နီလာမျိုးနှင့် လက်ခံသူ ဦးဇာနည်ရွှေလှိုင်တို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြပါသည်။ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ခင်ပွန်းဖြစ်သူ ဦးဇာနည်ရွှေလှိုင်အား လွှဲပြောင်းပေးအပ်ခြင်းအား ကန့်ကွက်လိုပါက တရားဝင် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇာနည်ရွှေလှိုင် ၁၂/တမန (နိုင်) ၀၇၅၃၆၀
ဖုန်း-၀၉-၂၆၆၇၀၇၇၂၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/78737, Super Anbo-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းခန့် ၉/အမရ(နိုင်)၁၅၀၃၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၂/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ HDD တွင်းတူးစက်သုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-179(25-26)CAP | Magnetic Guidance System (MGS) for Herrenkencht HK 250T HDD Rig (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၁၂-၂၀၂၅ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူ နိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၆-၁၂-၂၀၂၅ရက်၊ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (**လူကိုယ်တိုင်**) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၉-၂၅၄၀၇၈၀၇၈၊ ၀၉-၄၄၈၅၃၉၄၀၂**

---

**In the matter of Myanmar Nouveau Company Limited**
**(In Creditors' Voluntary Winding-Up)**
**[Notice under Section 209 (H) of the Myanmar Companies Act]**

**Notice of holding Final General Meeting and Creditors' Meeting**

Notice is hereby given that the Final General Meeting and Creditors' Meeting of the above Company under Section 209(H) of the Myanmar Companies Act will be held at No. 22, Pyay Road, Mayangone Township, Yangon Region, Myanmar on **28th January, 2026** at 2:00 p.m for the purpose of laying Liquidator's Statements of Accounts of the final winding-up and giving any explanation thereof.

Daw Nu War (B.Com, C.P.A, D.B.L, ASEAN C.P.A, Member of Myanmar Association of Insolvency Practitioners Inc.)
Liquidator
Myanmar Nouveau Company Limited
(In Creditors' Voluntary Winding-up)

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၅၃၃)၊ ပေ(၄၀x၆၀)ရှိ၊ မြေချပါမစ် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးဝင်းမောင်(Q/RGN-၀၀၆၃၆၁)အမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ ဆက်စပ် စာချုပ်စာတမ်းမူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလင်းထိန် ၁၂/မရက(နိုင်)၁၁၁၉၁၄မှ ၎င်းလက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆို ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူဒေါ်သဥ္ဇာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဒေါ်သီတာမိုး LL.B** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၉၇၇၄၅၈၅၂၉**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ သတိုးစည်သူလမ်း၊ မြေကွက်အမှတ်(၅၆၂)၊ ပေ(၄၀x၆၀)၊ ဝ ဒသမ ၀၅၅ကေ၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်နန်းသိင်္ဂီမျိုး၃/လဘန(နိုင်)၀၀၂၂၁၃ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု ၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီးကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခိုင်ခိုင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဒေါ်သီတာမိုး LL.B** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉- ၉၇၇၄၅၈၅၂၉**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၄၃၂)၊ ဧရိယာ ၀ ဒသမ ၀၉၆ကေရှိ အမှုတွဲအမှတ် ၄၆၃-၅/၂၀၁၂-၂၀၁၃(အေ)ဖြင့် ဖိုလ်မှူးစံရွှေသာ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်ကျိန်ဆိုက်ကြူမှ ရောင်း/ဝယ် စာချုပ်အမှတ်(၁၂၄၊/၂၀၁၆)ဖြင့် ဒေါ်နန်းမွမ်းစမ်ထံသို့ရောင်းချပြီး ဒေါ်နန်းမွမ်းစမ်မှ ရောင်း/ဝယ်စာချုပ်အမှတ်(၁၈၂၊/၂၀၂၄)ဖြင့် ဒေါ်ဝေဝေဖြူ ၁၃/လရန(နိုင်)၁၁၀၄၈၅ ထံသို့ ထပ်မံရောင်းချပြီးဖြစ်၍ ဒေါ်ဝေဝေဖြူမှအမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ၂၁ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

### ဦးကျော်ထက်မြတ် (၁၁/သတန(နိုင်)၀၀၃၁၅၃)သိစေရန် ကြေညာခြင်း

ဦးကျော်ထက်မြတ် လူကြီးမင်းသည် ၉-၅-၂၀၂၅ရက်တွင် အမှတ် (၅၁)၊ ဒုတိယထပ် ယာအခန်း၊ (၃၈) လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ အခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လွင်ဦးထံမှ ၉-၅-၂၀၂၅ရက်မှ ၉-၆-၂၀၂၆ရက်အထိ (၁) နှစ်ငှားရမ်းကာ ငှားရမ်းခငွေကို (၆) လတစ်ခါဖြစ်သော ၉-၅-၂၀၂၅ရက်မှ ၉-၁၁-၂၀၂၅ရက်အထိ(၆) လစာပေးချေထားပါသည်။ စာချုပ်အရ ၉-၁၁-၂၀၂၅ရက်မတိုင်မီ (၁)လအလိုကတည်းက ကျန် (၆)လကို ဆက်လက် ငှားရမ်းလိုခြင်းရှိမရှိသိရှိရန် လူကြီးမင်းထံ ဖုန်းဖြင့်အကြိမ်ကြိမ် ဆက်သွယ်သော်လည်း လာရောက်ခဲ့ခြင်းမရှိပါ။

သို့ပါသောကြောင့် ဤကြေညာပါသည့်ရက်မှစပြီး (၇) ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လွင်ဦးထံသို့ လူကြီးမင်းကိုယ်တိုင် လာရောက်ဖြေရှင်းပေးစေလိုပါသည်။ ယင်းရက်အတွင်း လာရောက်ခြင်းမရှိပါက သက်သေများနှင့်အတူ အခန်းသော့ဖျက်ပြီးလူကြီးမင်း၏ ပစ္စည်းများသိမ်းဆည်းကာ အခန်းသန့်ရှင်းရေးလုပ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လွင်ဦး၏ သော့နှင့် အခန်းကို ပိတ်ခတ်မည့်အပြင် ဦးဟန်လွင်ဦးနှင့် သင်တို့ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုလုံးဝပြတ်တောက် ပြီးဆုံးသွားပြီဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးဟန်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမေ (ခ) ဒေါ်ဝင်းဝင်းအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၃၉၄၅ (၁၁-၁၂-၁၉၈၆)**
**အမှတ် (၁၁/၂၇)၊ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း - ၀၉ -၄၄၈၅၃၈၆၄၀**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ ၀ ဒသမ ၂၃၀ကေရှိ အမှုတွဲအမှတ် ၁၁၆-၅/၂၀၂၁-၂၀၂၂(အေ)ဖြင့် ဦးအောင်ချိုဦး ၉/မထလ(နိုင်)၁၆၉၂၉၉ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်စန္ဒီမောင် ၁၂/သဃက(နိုင်)၁၅၆၄၉၀ မှ စာချုပ်အမှတ် (၁၈၁၊/ ၂၀၂၄)ဖြင့်ဝယ်ယူပြီးဖြစ်သဖြင့် ဒေါ်စန္ဒီမောင်၁၂/သဃက(နိုင်)၁၅၆၄၉၀ အမည်ဖြင့် အမည်ပြောင်းလဲပေးနိုင်ပါရန် လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် (၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ဦးအောင်ချိုဦး ၉/မထလ(နိုင်)၁၆၉၂၉၉ အမည်ပေါက်မြေငှား ဂရန်အမှုတွဲအမှတ် ၁၁၆-၅/၂၀၂၁-၂၀၂၂(အေ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်စန္ဒီမောင် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော လမ်းသစ်ပြည်သူ့ အငှားအိမ်ရာ၊ တိုက်အမှတ်(A)၊ အခန်းအမှတ်(2118)တွင် အိမ်ခန်းငှားရမ်းခွင့်ရရှိသူ ဦးသန်းမြင့် ၁၂/လမတ(နိုင်)၀၁၆၈၈၇မှာ ၂၅-၅-၂၀၂၃ရက်၌ ကွယ်လွန်သွားပါသဖြင့် အမည်ပြောင်းလဲ ငှားရမ်းနေထိုင်ခွင့်ပြုပါရန် ဒေါ်မိုးမိုးထွေး ၆/မကရ(နိုင်)၀၀၁၈၃၀ မှ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား တင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ် ၉၄၊ မြေအမျိုးအစားနှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျားပေ ၂၀ x အနံ ပေ၆၅)ရှိ အိမ်ခြံမြေကို ဒေါ်အေးတင် ၁၁/ရဗန(နိုင်)၀၄၅၆၇၆က တရားဝင်လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးနေဒွန်း ၅/စကန(နိုင်)၁၅၀၁၀၇ သည် အပြီးအပိုင် ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အိမ်၊ ခြံ၊ မြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာမောင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၆၃၃/၁၅-၁၂-၂၀၁၆)**
**အမှတ် ၆၀၊ ကာယ(၁၀)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၀၃၁၆၀**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ် ၂၀၅ ၂၄၀၀စ/ပေ မြေကွက်တည်နေရာ အမှတ်(၂၀၅)၊ စက္ကဝတ်(၄)လမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်သောင်းညွန့် ၁၂/ဥကမ(နိုင်)၁၀၄၇၂၂ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်သောင်းညွန့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၃၅၂၃/၂၀၂၅၊ ၃၀-၄-၂၀၂၅ဖြင့်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး ၁၂/ဥကမ(နိုင်)၀၆၁၉၃၇မှ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ ခြကိုက်၍ ပျက်စီးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားသူတစ်ဦးဦးသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ မရှိပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်အမှတ်-၅၈၈/၂၀၂၅/၁၉-၅-၂၀၂၅၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက် ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊အရှေ့ဒဂုံမြို့နယ်၊(၁၅၇)ရပ်ကွက်၊ အမှတ်(၉၄၂)၊ သစ္စာလမ်းနှင့် မဟော်သဓာ (၃)လမ်း၊ပေ(၄၀x၆၀)အကျယ်ရှိသော ဒေါ်တင်တင်အေး အမည်ပေါက် ပါမစ်မြေနှင့်အဆိုပါ မြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ထဲမှ ပါမစ်မူရင်းဘက်ခြမ်းဖြစ်သော ပေ(၂၀x ၆၀)ကို ဒေါ်အေးနှင်းဖြူတို့ ဇနီးမောင်နှံက အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်အေးနှင်းဖြူ ၈/မဘန(နိုင်)၀၉၄၅၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်ဇော် ၅/ ရဥန(နိုင်)၀၉၆၉၄၉က အဆိုပါမြေနှင့်မြေပေါ်ပါအကျိုးခံစားခွင့် အရပ်ရပ်တို့ကို အပြီးအပိုင် ဝယ်ယူရန်အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနှစ်ရက်အတွင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာ အပ်ပါသည်။

**ဦးသန်းထိုက်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြူဖြူလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၈)**
**အမှတ်(၂၀၈)၊ အင်းဝလမ်း(၅)လမ်း၊(၁၂၂)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၀၈၃၈၇၂၇**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်(၄/စာရေးတန်းရပ်)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၉ ကေအား ဦးမိုးသီလားလ်ဂုတ်သား ၉/မမန(နိုင်)၀၈၅၇၈၈ အမည်ဖြင့် သက်တမ်းတိုးဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၂၅၈)၊ ဧရိယာ ၀ ဒသမ ၀၉၆ကေရှိ အမှုတွဲအမှတ် ၁၃၀-၅/၂၀၁၄-၂၀၁၅(စီ)ဖြင့် ဦးအောင်တင်အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်သန်းဌေးမှ ရောင်း/ဝယ်စာချုပ်အမှတ် (၂၈၊/၂၀၂၅)ဖြင့်ဦးအောင်လင်း၊၅/တဆန(နိုင်)၁၀၇၆၄၁ ထံသို့ ရောင်းချပြီးဖြစ်၍ ဦးအောင်လင်းမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၂၁)ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၁၉၃၅)၊ ဧရိယာ ၀ ဒသမ ၀၉၆ကေရှိ အမှုတွဲအမှတ်၆၅၂-၅/၂၀၁၉-၂၀၂၀(အေ)ဖြင့် ဒေါ်မန်အောင် ၁၃/လရန(နိုင်)၁၄၆၂၇၅ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်မှ ဧရိယာ (၀ ဒသမ ၀၉၆)ကေအနက် (၀ ဒသမ ၀၃၅)ကေ အား ဒေါ်ရတနာအောင် ၃/ မဝတ(နိုင်)၀၁၁၆၈၃မှစာချုပ် အမှတ်(၅၄၊/၂၀၂၄)ဖြင့် ဝယ်ယူပြီးဖြစ်သဖြင့် ဒေါ်ရတနာအောင် ၃/မဝတ(နိုင်)၀၁၁၆၈၃ အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် ၃၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ဒေါ်မန်အောင် အမည်ပေါက် မြေငှားဂရန် အမှုတွဲအမှတ် ၆၅၂-၅/၂၀၁၉-၂၀၂၀(အေ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဒေါ်ရတနာအောင်အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့.**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၃၆)၊ ဧရိယာ(၀ ဒသမ ၀၉၆)ကေ၊ ဦးကျော်လင်း ၁၃/ကခန(နိုင်)၀၁၀၀၂၀ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဦးဇော်အေး ၁၃/လရန(နိုင်)၀၀၂၁၀၇သို့ စာချုပ်အမှတ်(၄၆၄၊/၂၀၂၀)ဖြင့် ဝယ်ယူပြီးဖြစ်သဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိပြီးဖြစ်၍ မြေငှားဂရန်အသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် (၃၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးကျော်လင်း ၁၃/ကခန(နိုင်)၀၁၀၀၂၀ အမည်ပေါက် မြေငှားဂရန်အမှုတွဲ အမှတ် ၂၃-၅/၂၀၀၂-၂၀၀၃(စီ)အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးဇော်အေး အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရသီးခြား မြေဂရန်အသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/7699 DAIHATSU HIJET S321V Van (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးဝင်း ၁၁/ပတန(နိုင်)၀၄၆၀၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/9084 WSC-125 ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprise က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ငလိုင်ခြံကျေးရွာနေ ဦးငြိမ်းမောင်၏သမီး မတင်နီလာဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၆၉၆၈၈၂**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ ၀ ဒသမ ၁၈၄ကေ၊ အမှုတွဲအမှတ် ၀၃၁-၅/၂၀၂၃-၂၀၂၄(အေ)ဖြင့် ဦးအောင်ချို ၁၃/ကလန(နိုင်)၀၆၅၂၅၇ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏အထူးကိုယ်စား လှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဥမ္မာညွန့် ၉/မထလ(နိုင်)၂၄၈၂၉၃မှ မြေဧရိယာ ၀ ဒသမ ၁၈၄ ကေအနက် ၀ ဒသမ ၀၄၆ ကေအား ဒေါ်လင်းလက်ကေခိုင် ၁၃/လရန(နိုင်)၁၅၁၄၆၀ ထံသို့ ရောင်း/ဝယ် စာချုပ်အမှတ် (၅၊/ ၂၀၂၅) ဖြင့် ရောင်းချပြီး ဖြစ်၍ ဒေါ်လင်းလက်ကေခိုင်မှ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာခြင်း ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် (၂၁) ရက်အတွင်း ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B.5)၊ အခန်းအမှတ်(915) ၊ Type (A) ၊ Area (1260)sqftရှိ ၄င်းကွန်ဒိုတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွန်ဒိုရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်မြင့်ဦး ၁၂/သလန(နိုင်)၀၈၃၆၄၃၊ ဒေါ်မိမိလှိုင်း ၁၂/သလန(နိုင်)၀၇၉၃၅၂ ထံမှ အပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်စန္ဒာမင်း ၁၄/မမန(နိုင်) ၁၄၄၂၃၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ ၂၄-လမ်း၊ အမှတ်(၇၂၆)နေ (၁) ဦးအောင်မိုး (ဘ) ဦးချန်ဗုက် ၁၀/မလမ(နိုင်)၁၅၁၂၃၇၊ (၂)ဒေါ်မို့မို့အောင် (ဘ) ဦးချန်ဗုက် ၁၀/မလမ(နိုင်) ၁၅၁၂၃၈၊ (၃) ဒေါ်အေးသဉ္ဇာအောင် (ဘ) ဦးချန်ဗုက် ၁၀/မလမ(နိုင်)၁၆၄၉၆၁၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများနှင့် ဒေါ်ညိုညိုရှိန်တို့သည် ၁၀-၉-၂၀၂၅ ရက်တွင် ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်သော မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၄၅)ဟုခေါ်တွင်သော အလျား(၇၀)ပေx အနံ(၁၂၈)ပေရှိသော မြေကွက်အား တန်ဖိုးငွေကျပ်သိန်း(၁၂၃၀၀)သတ်မှတ်၍ အရောင်းအဝယ်ပြုလုပ်ခဲ့ကြပါသည်။ မြေကွက်၏အရောင်းအဝယ်တန်ဖိုးအား ဒေါ်ညိုညိုရှိန်မှ ၁၀-၉-၂၀၂၅ရက်တွင် စရန်ငွေကျပ်သိန်း(၄၀၀)အားလည်းကောင်း၊ ၉-၁၁- ၂၀၂၅ ရက်တွင် စရန်ငွေကျပ်သိန်း(၂၃၀၀)အားလည်းကောင်း ပေးချေခဲ့ကြပါသည်။

ထို့နောက် ကျွန်ုပ်၏မိတ်ဆွေများနှင့် ဒေါ်ညိုညိုရှိန်တို့မှ ၁၈-၁၁-၂၀၂၅ ရက်တွင်“ သဘောတူဝန်ခံကတိပြုစာချုပ်” အားထပ်မံချုပ်ဆိုခဲ့ကြပြီး ယင်းစာချုပ်အရ ဒေါ်ညိုညိုရှိန်မှ ကျွန်ုပ်မိတ်ဆွေများထံ ကျန်ငွေကျပ်သိန်း(၉၆၀၀) တိတိအား ၂၄-၁၁-၂၀၂၅ရက်တွင် အပြည့်အဝတစ်လုံးတစ်ခဲတည်း ပေးချေမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် ၂၄-၁၁-၂၀၂၅ရက်တွင် ဝန်ခံကတိပြုသူ ဒေါ်ညိုညိုရှိန် မှ ဝန်ခံကတိရသူများဖြစ်ကြသော ကျွန်ုပ်၏ မိတ်ဆွေများထံ ရောင်းဖိုးငွေကျပ်သိန်း(၉၆၀၀)တိတိပေးချေရန်ပျက်ကွက်ခဲ့ပါက ဝန်ခံကတိရသူများထံ စရန်ငွေပေးချေထားပြီးဖြစ်သည့် ငွေကျပ်သိန်း(၂၇၀၀)တိတိကို အဆုံးရှုံးခံရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သဘောတူ၍ ဝန်ခံကတိပြုစာချုပ်အား ချုပ်ဆိုထားကြပါသည်။

သို့ရာတွင် ဒေါ်ညိုညိုရှိန်သည် ၁၈-၁၁-၂၀၂၅ရက်တွင် ချုပ် ဆိုခဲ့ကြသော "သဘောတူ ဝန်ခံကတိပြုစာချုပ်"ပါအတိုင်း ၂၄-၁၁- ၂၀၂၅ ရက်တွင် ကျွန်ုပ်မိတ်ဆွေများထံ ရောင်းဖိုးငွေကျပ် သိန်း(၉၆၀၀)တိတိအား အပြည့်အဝ တစ်လုံးတစ်ခဲတည်းပေးချေခဲ့ခြင်းမရှိဘဲ စာချုပ်ပါကတိပဋိညာဉ် အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ၁၈-၁၁-၂၀၂၅ ရက်၌ “ သဘောတူ ဝန်ခံကတိပြုစာချုပ်” ချုပ်ဆိုထားသောစာချုပ်ပါ ဝန်ခံကတိပြုထားချက်အရ ဒေါ်ညိုညိုရှိန်သည် ကျွန်ုပ်မိတ်ဆွေများထံသို့ စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့် ငွေကျပ်သိန်း (၂၇၀၀)တိတိကို အဆုံးရှုံးခံရမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သဘောတူ ဝန်ခံကတိပြုစာချုပ်အရ ဒေါ်ညိုညိုရှိန်သည် စရန်ငွေများအား ဆုံးရှုံးသွားပြီးဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**(ဦးအောင်မိုး) (ဒေါ်မို့မို့အောင်)**
**(ဒေါ်အေးသဉ္ဇာအောင်)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(စဉ်-၉၀၅၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅)၊ တောင်ဝိုင်းကျောင်းလမ်း၊**
**ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊သာကေတမြို့နယ် ၊ (၈)ရပ်ကွက်၊ မြနန္ဒာ(၁)လမ်း၊ အမှတ် (၃၆၂/က) မြေကွက်အပေါ်ရှိ(၃-ထပ်ခွဲ)တိုက်အဆောက်အအုံ၏ (မြေညီ+ထပ်ခိုး)အခန်း၊ ပေ(၁၈' x ၅၄' )ရှိ ဦးကျော်ဇင်ဦး ၁၂/ ထတပ(နိုင်) ၀၉၃၈၈၄ နှင့် ဒေါ်စန်းစန်းဦး ၁၂/ထတပ(နိုင်)၀၈၆၁၈၀တို့ပိုင်ဆိုင်သော တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်သူရ ( L.L.B, D.B,L.D.I.R)၊ (စဉ် - ၁၆၄၅၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၇၃)၊ ကင်မွန်းခြံလမ်းသွယ်၊ ကန်လမ်း၊(၁၀)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၆၉၂၉၂၀၇၁၆ ၊ ၀၉-၄၂၁၀၃၈၉၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကောလင်း(၄)လမ်း၊ အိမ်အမှတ် (၅၈၉/ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ ပါမစ်မြေအမျိုးအစား၊ (၁)ထပ် အုတ်ညှပ် အိမ် နှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကိုလက်ရှိတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းမြင့် ၁၂/ဗဟန(နိုင်) ၀၅၀၁၂၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကျော်မြင့် ၈/မမန(နိုင်) ၂၃၁၃၃၁ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)**
**အမှတ် (၇)၊ မြေညီ (အေ)၊ ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း -၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် လူနာများအားကုသပေးရန် FDA အသိအမှတ်ပြု ဆေးဝါးများနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၂-၂၀၂၅ ရက် (အင်္ဂါနေ့)
နံနက် (၉:၀၀)နာရီ

**တင်ဒါပိတ်မည့်ရက်** - ၁၅-၁၂-၂၀၂၅ ရက် (တနင်္လာနေ့)
ညနေ (၄:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာ ရောက်စုံစမ်း ဝယ်ယူနိုင်ပါသည် -

**သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်**
**ဆက်သွယ်ရန် ဖုန်း- ၀၉ -၄၃၁၃၉၄၇၈၊ ၀၉ -၂၅၀၅၀၀၇၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊တိုက်အမှတ်(N-1)၊အခန်းအမှတ်(၁၀၄)အား ဌာနနှင့် အကျိုးတူဆောင်ရွက်သော အေးရိပ်မွန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ထံမှ ဝယ်ယူထားသူ ဒေါ်ချူးမေ ၁၂/လသန(နိုင်)၀၀၇၂၆၂ နှင့် ဒေါ်စိုးစိုးနွယ် ၁၂/ရကန(နိုင်)၀၅၂၃၀၃တို့က ကုမ္ပဏီနှင့် ချုပ်ဆိုထားသော အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးနေကြောင်းတင်ပြ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာတင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၁၄)၊ ၇လွှာ(B)၊ (၁၅'x၆၀')ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားကြောင်း အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဒေါ်လွင်မာဝင်း ၁၂/စခန(နိုင်) ၀၅၄၆၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီခဲ့ပြီးနောက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများကို ယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းရောင်းဝယ်ခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အိအိအောင်(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်-၇၆၆၄)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာ၊ ကျွန်းတောတောင်ကွင်း၊ ဦးပိုင်အမှတ် (၈၇/၁၀၂)၊ ကွင်းအမှတ်(၅၇၂ᵃ)၊ ဧရိယာ ၁၂ ဒသမ ၂၈ ဧက ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ (အလျားပေ၄၀xအနံ၆၀ပေ)ရှိ အရပ်ခေါ် မြေကွက်အမှတ်(၁၁)ဟုခေါ်တွင်သော ဥယျာဉ်ခြံမြေနှင့် လုပ်ပိုင်ခွင့်၊ သီးပင်စားပင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးသန္တာထွန်း ၁၀/မဒန(နိုင်)၁၄၁၁၂၈ မှ မှော်ဘီမြို့မြေစာရင်းတွင် မိမိအမည်ပေါက်ပြီး မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းသန်းမျိုး ၁၄/ဒဒရ(နိုင်)၁၉၈၈၉၆မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ ၃၀-၁၁-၂၀၂၅ရက်စွဲပါ “ နှစ်ဦးသဘောတူ ဥယျာဉ်ခြံမြေ မြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”ချုပ်ဆိုပြီး အရောင်းအဝယ်ပြုသည့် ခြံမြေကွက်အား ဝယ်ယူသူမှလက်ရောက်ရရှိပိုင်ဆိုင်သွားပြီဖြစ်ပါကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွယ်နွယ်ဇင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၂၄)**
**အမှတ်(၁၃၁)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉- ၄၂၁၁၀၀၈၉၇၊ ၀၉- ၉၆၄၁၁၀၈၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/2316 LK Light Truck (LK-01) L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိန်းဦး ၇/သနပ(နိုင်)၁၀၄၂၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**(တိုင်းဒေသကြီးရုံးခွဲ၊ ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/8670 Honda Jazz ZD6, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိုးခိုင် ၁၃/နခတ(နိုင်)၀၉၃၈၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

**MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.**
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ

၁။ မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒသမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက် (ဗုဒ္ဓဟူးနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၉:၁၈) နာရီမှ (၁၂) နာရီထိ
**ကျင်းပမည့်ပုံစံ** - Online Zoom Meeting

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ရေးအတွက် Mandalay Myotha Industrial Development Public Co.,Ltd ၏ Email ဖြစ်သော info@mmid project.com (သို့မဟုတ်) 09-404090583, 09-5168580 Viber Phone Number များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မိတ္တူ (ရှေ့/နောက်)၊ အစုရှယ်ယာရှင်လက်မှတ်တို့ကို ဓာတ်ပုံရိုက်၍ (၁၄-၁၂-၂၀၂၅)ရက် နောက်ဆုံးထား၍ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ Website: http:// www. mmidproject.com တွင် အချိန်နှင့်တပြေးညီ တင်ပြပေးသွားမည်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**Mandalay Myotha Industrial Development Public Co., Ltd**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၅၄)၊ ၆လွှာ(ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသော ဦးဖရန်စစ္စကို (ကွယ်လွန်)၏ ဇနီး ဒေါ်မေရီလွင် ၁၃/ဖခန(နိုင်)၀၀၄၀၅၅၏ ကိုယ်စား ဦးသက်ထွန်း ၁၂/မဘန(နိုင်)၁၁၀၅၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီခဲ့ပြီးနောက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများဖြစ် ပေးချေထားပြီးဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများကိုယူဆောင်၍ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းရောင်းဝယ်ခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အိအိအောင်(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်-၇၆၆၄)**
**အမှတ်(၅၆၁)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၆၅၉၂၈၁၊ ၀၉-၄၄၃၁၃၆၀၁၉**

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

သံတောင်မြို့၊ ရပ်ကွက်(၂)မှ စောဘိုးလောလ(ခ)စောလောလာယွီး ၃/သတန(နိုင်)၀၁၈၂၇၂ မှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ် အမှန်မှာ ၁၄-၈-၁၉၇၄ဖြစ်ကြောင်းနှင့် ၎င်း၏ဖခင် စောတာယွီး(ခ) ဦးတာယွီး(ခ)စောဒါယုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့၊ ရပ်ကွက်(၃)မှ ဦးအောင်စိုးဦး ၉/မလမ(နိုင်) ၁၁၃၄၅၅၏ ဖခင် ဦးချစ်ဟံ(ခ) ဦးချစ်ဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာချို ၃/ဘအန(နိုင်)၂၃၇၃၉သည် ဒေါ်ခင်စန္ဒာထွေး ၁၂/မဂဒ(နိုင်)၀၁၆၄၆၈ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ မြေကွက်အမှတ်(တိုးချဲ့/၁၆၀)၊ အကျယ်အဝန်း(အလျား၂၀ ပေ x အနံ ၆၀ ပေ)ရှိ ပါမစ်မြေအမျိုးအစားဟုခေါ်တွင်သည့်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအပြီးပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းအသိပေးကြေညာအပ်ပါသည်။ **ဒေါ်မာလာချို၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မော်မော်ခင်** | **ဒေါ်သဲအိစံ** | **ဦးခိုင်ကျော်ဟိန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၇၃၃၆)** | **(စဉ်-၅၅၆၇၇)** | **(စဉ် - ၅၆၉၈၅)** |

**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅)၊ ရန်နိုင်လမ်းသွယ်(၃)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း- ၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်း၊အမှတ်(၉) ဟောင်ကောင်စတိုင်တိုက်၏ ဒုတိယထပ်(၃-လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိသောတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုလက်ရှိထားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဒေါ်ဥမ္မာဝင့်သက်ပိုင် ၁၂/လမန(နိုင်)၀၀၇၂၇၂ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဒေါ်ညိုညိုလှိုင် ၁၂/ဒဒရ(နိုင်)၁၅၇၃၂၅မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သတ်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်မာသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း (LL.B )၊**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ဖုန်း-၀၉-၂၅၃၃၆၇၅၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၆၂၆၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်ဖြိုး ၁၂/ကတန(နိုင်)၁၂၈၅၅၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဒဂုံ၊ အမှတ်(၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပုလဲငွေရောင်လမ်းမနေ (ဘ) ဦးကျော်ကျော်ဦး ၁၂/တမန(နိုင်)၀၁၉၁၅၆၊ (မိ)ဒေါ်စိုးစိုးလွင် ၁၂/တမန(နိုင်)၀၁၈၈၈၇တို့၏သား မောင်မင်းမင်းမြတ်အား အမွေပြတ်စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စရပ်များအား တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးကျော်ကျော်ဦး၊ ဒေါ်စိုးစိုးလွင်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာနလက်အောက်ရှိ ကွန်းချောင်းဓာတ်အားပေး စက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၂)မျိုးအား Tender No. 45/EPGE(REHP)/2025-2026 (DDP At Site) မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ ခေါ်ဆိုမည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (**လူကိုယ်တိုင်**) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂-၁၂-၂၀၂၅ရက်မှ ၁၅-၁၂-၂၀၂၅ရက်အထိ

၄။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ

၅။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၁၆-၁၂-၂၀၂၅ရက်၊ (၁၃:၀၀)နာရီ

၆။ **တင်ဒါရောင်းချမည့်နေရာ/ လက်ခံမည့်နေရာ** - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၇။ တင်ဒါပုံစံအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉- ၄၄၈၅၃၃၈၉၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊တရားမကြီးမှုအမှတ်- ၉၈

၁။ ဒေါ်လင်းလင်းထွန်း (ကိုယ်တိုင်နှင့်အမှတ်-၂ တရားလို၏ အခွင့်ရကိုယ်စားလှယ်) **နှင့်** ဦးဂျိုင်နိုလာဒင်(ခ)ဦးစိန်လှ

၂။ ဒေါ်လှဲ့လှဲ့ဝင်း

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၄/ဘီ)ကျီတော်ရပ်ကွက်၊ မဟာဗေဓိလမ်း၊ အမှတ်-(၄၆)နေ ဦးဂျိုင်နိုလာဒင်(ခ)ဦးစိန်လှ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့တည်းမဟုတ် ၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ နံနက် ၁၀:၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားပြိုင်မှတရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( ခင်မြတ်ဖုန်း )**

**တွဲဖက်မြို့နယ်တရားသူကြီး ( ၂ )**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် ၊ မကွေးမြို့နယ်၊ ကွင်း/အကွက်အမှတ် (၁၊ မယ်လှ တောင်အနောက်)၊ ဦးပိုင်အမှတ်(၂) ၊ ဧရိယာ၃၈ ဒသမ ၉၉၂ဧကနှင့် ကွင်း/အကွက်အမှတ်(၆၊ မကြီးကန်မြောက်)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ၁၄ ဒသမ ၀၀ဧကရှိ ဦးကျော်ငွေး(ဆုထူးပန်ကုမ္ပဏီ) အမည်ပေါက် မြေကွက်နေရာများအား စက်မှုစီးပွားမြေငှားဂရန်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ငွေး ၊ ဥက္ကဋ္ဌ**
**ဆုထူးပန်ကုမ္ပဏီ၊ မကွေးမြို့**

## အမှတ်(၅၈)၊ ပထမထပ်၊ ခေါင်းရင်းခန်း၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အကျယ်အဝန်း (၁၅x၆၀)ပေ အခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မိဇ္ဈရပ်ကွက်၊ မောင်မြထွန်းလမ်းနေ ဒေါ်မအေးခင် ၁၁/စတန(နိုင်)၀၀၅၉၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၅၈)၊ ပထမထပ်၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၅x၆၀) ပေကို ဒေါ်အေးသိန်း ၁၁/မတန(နိုင်)၀၁၃၃၄၄ ထံမှ ဒေါ်မအေးခင် ၁၁/စတန(နိုင်)၀၀၅၉၁၅ က ၂၀-၄-၂၀၂၄ရက်တွင် နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်သဘောတူကတိ စာချုပ်ပြုလုပ်ချုပ်ဆို၍ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဝယ်ယူလက်ရောက်ရရှိခဲ့သည့်ရက်မှစ၍ အဆိုပါတိုက်ခန်းကို ဒေါ်မအေးခင် တစ်ဦးတည်းကသာ ယနေ့အချိန်ထိ ဥပဒေနှင့်အညီ လက်ရှိထား စီမံခန့်ခွဲလျက်ရှိပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲခွင့်မပေးထားသလို ရောင်းချထားခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေးကမ်းထားခြင်း တစ်စုံတစ်ရာမရှိပါကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားသူ-**

**ဒေါ်မအေးခင် ၁၁/စတန(နိုင်)၀၀၅၉၁၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ချိုချိုလွင် (LL.B),(D.I.L)** **DL.101(WIPO SWITZERLAND)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၃)**

**ဒေါ်မြမှူးသွင်(LL.B),(D.I.L)** **အထက်တန်းရှေ့နေ(စဉ်-၅၄၃၂၁)**

**အမှတ်(၃၁၂)၊ ဗိုလ်အောင်ကျော်လမ်း၊ (၁/၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၄၂၅၃၀၂၁၅၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၁၄၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးအောင်ငြိမ်း (ဘ) ဦးဘသွယ် ၁၂/သဃက (နိုင်)၀၁၉၀၆၅ အမည်ပေါက်(ပါမစ်)မြေကွက်အား အမည်ပေါက် ဦးအောင်ငြိမ်းနှင့် ဇနီးဖြစ်သူ ဒေါ်စိန်စိန်တို့ သေဆုံးသွားပြီး ၎င်းတို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်နှင်းနှင်းအောင် (ဘ)ဦးအောင်ငြိမ်း ၁၂/သဃက(နိုင်)၀၁၉၀၄၁ မှ ကျမ်းကျိန်လွှာမူရင်း၊ မြေပေးမိန့်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ ဦးပိုင်အမှတ် (၂ဃ)၊ ဧရိယာ ၀ ဒသမ ၀၄၉ ဧကရှိ ဒေါ်မော်မော်ထွန်း(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးနေလကျော် ၉/ပမန(နိုင်)၂၃၈၈၄၀ မှ ဘိုးဘပိုင်မြေ အမည်ပေါက်ပြောင်းလဲသတ်မှတ်ခြင်း စာအမှတ် ၀၃၄/၁၈-၁/နပတ(မြို့/မြေ)၊ အရောင်းအဝယ်စာချုပ်အမှတ်(၀၅၂/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘိုးဘအမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးတန်ဖိုးမျှတ (ဒုတိယအဆင့်)အိမ်ရာ၊ ဗိုလ်မှူးဗထူးလမ်း၊ တိုက်အမှတ် (AA-4)၊ အခန်းအမှတ်(804)၊ အကျယ်အဝန်း (၆၀၀)စတုရန်းပေရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသီဟအောင် ၁၂/တမန(နိုင်)၀၉၉၁၀၀ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်ထွန်း ၁၃/တခလ(နိုင်)၀၆၃၆၃၁ ထံမှ ဆက်လက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမိုး ၁၂/ဒပန(နိုင်)၀၅၁၇၄၇ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူ ရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၄-အီး၊ မြေကွက်အမှတ်-၁၇၃၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးစိုးမြင့်(၁၇)(DDE-၁၆၁၀၆၆)အမည်ပေါက်ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၇၄)နှင့် ကပ်လျက်ဘက် (ခြေရင်းခြမ်း)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၄)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၇၃)ဟုခေါ်တွင်သောမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဇင်မာဝင်း ၈/ခမန(နိုင်) ၁၄၉၆၄၃ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးကျော့ဆွေ (LL.B.) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၉၇)**
**အမှတ်(၅၆၅/၅၆၇)၊ အခန်းအမှတ်(၆၀၃)၊ MACTowerကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၉၃၄၃၅၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/76159 Suzuki 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းအေး ၉/မနမ(နိုင်)၁၀၅၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/38269 ယာဉ်လက်ဝယ်ရှိသူ ဦးရဲကိုကို ၉/ပဥလ(နိုင်)၀၄၁၀၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း နှစ်စဉ်ကြေးများ ပေးသွင်းကြပါရန် အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းသည် (၁၆-၁၂-၂၀၂၄) ရက်တွင် (၂၀၂၄)ခုနှစ်အထိ သက်တမ်းရှိသော အသင်းဝင်ကုမ္ပဏီများ၊ အသင်းသားများ (Active Member)ပါဝင်၍ အသင်းသားစုံညီ အထူးအစည်းအဝေးကျင်းပနိုင်ခဲ့ပါသည်။ ယင်းအထူးအစည်းအဝေးကြီးတွင် အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်နှင့် အသင်း၏ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကိုလည်း အတည်ပြုနိုင်ခဲ့ပါသည်။

၂။ အသင်း၏ရှေ့လုပ်ငန်းစဉ်အရ အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကြီးနှင့်အတူ အလုပ်အမှုဆောင်အသစ်ရွေးချယ်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အသင်းဝင် ကုမ္ပဏီဟောင်းများနှင့် အသင်းသားဟောင်းများအနေဖြင့် (၂၀၂၅)နှင့် (၂၀၂၆)နှစ်များအတွက် နှစ်စဉ်ကြေးများအား အသင်းဝင်များ၏ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် (၃၁-၁၂-၂၀၂၅)ရက် နောက်ဆုံးထား၍ မပျက်မကွက်ပေးသွင်းကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း**
**ဖုန်း-၀၉-၅၁၉၄၂၉၄၊ ၀၉-၂၅၄၃၁၄၇၀၉၊ ၀၉-၇၉၀၉၅၄၃၇၈၊ ၀၉-၉၆၃၀၂၈၉၆၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Cityအိမ်ရာEstella Townhouse၊ Property No.ETH 2၊ Street Name-Stella Lane(1)၊ Land Area-1210၊ Build-up Area-1277 မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁) ဦးဓာဏီဘို ၁၂/အစန(နိုင်)၁၆၄၅၂၂၊ (၂) ဒေါ်ခင်ခင်ငွေး ၁၂/အစန(နိုင်)၁၀၅၉၁၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာလင်း ၁၂/သလန(နိုင်)၀၀၂၁၃၄ က ပြန်လည်ဝယ်ယူရန်အတွက်၎င်းအား စရန်ငွေပေး ချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် (LL.B., D.B.L, D.I.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LLB,D.I.B.L)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ဖုန်း - ၀၉ -၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်မိုးညိုလမ်း၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံ့စက်ကွက်)၊ မြေကွက်အမှတ်(ခ/၈)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်ရှိ ဦးသောင်းညွန့် အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်ဇင် ၁၂/ခရန(နိုင်)၀၀၄၄၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဦးကျော်သူရ ၁၂/စခန(နိုင်)၀၀၃၀၄၄ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်း အဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L,D.I.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B, D.I.B.L) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

**တစ်ဦးတည်း ဖြစ်ကြောင်း** ဖာပွန်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းငွေး ၁၀/ခဆန(နိုင်)၀၀၄၆၀၂၏ဖခင် ဦးမောင်စော(ခ)ဦးစောမှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၃၆၈၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးရတနာအောင် ၁၀/ပမန(နိုင်)၁၇၇၆၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၅၄၈၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၃၁၆၆၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၅၄၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နွယ် ၁၀/မလမ(နိုင်)၁၁၇၇၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၄၉၂၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးသိုက်မန် ၁၀/မဒန(နိုင်)၂၈၀၇၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၅၂၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဦး ၁၀/ပမန(နိုင်)၁၂၃၉၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၁၆၁၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးစစ်ဟန် ၁၀/ကထန(နိုင်)၀၈၁၅၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ခေတ်သစ်ဘုရင့်နောင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များအား (စတုတ္ထအကြိမ်) နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားခြင်း (မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ပုဒ်မ ၁၄၆အရ )

ခေတ်သစ်ဘုရင့်နောင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ကုမ္ပဏီ၏အစုရှယ်ယာရှင်များအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် -

**ကျင်းပမည့်ရက်** - ၂၃-၁၂-၂၀၂၅ရက်၊ (အင်္ဂါနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၁၀:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀) နာရီ
**ကျင်းပမည့်နေရာ** - "ဇေယျတုမင်္ဂလာခန်းမ" တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဒါရိုက်တာအဖွဲ့
ခေတ်သစ်ဘုရင့်နောင်အများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက်

## CNGကတ်အနီ ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ကျော် ၁၂/တမန(နိုင်)၀၂၁၁၅၅ပိုင်ဆိုင်သော ယာဉ်အမှတ် 2C/1623၏ CNGကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၇၁၄၈၁**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျဝတီမြို့၊ အထက (၂) ကျောင်း၊ G-10 မှ မောင်စိုင်းသီဟမင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၇/ဖမန(နိုင်)၁၁၃၂၂၄ ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁) ကျောင်း Grade-7 တန်းမှ မသွန်းဆက်ရွှေရည်နှင့် Grade -3 တန်းမှ မယွန်းမြတ်ရွှေရည် တို့၏ ဖခင်အမည်မှန်မှာ ဦးနူးနူးဇော်ဝင်း ၁/ဗမန(နိုင်)၀၆၆၇၇၃ ဖြစ်ပါကြောင်း။

**ဦးနူးနူးဇော်ဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/29701 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/14687 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၅/ရဥန(နိုင်)၀၇၁၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/42859 ယာဉ်လက်ဝယ်ရှိသူ ဦးအာကာဝင်းလတ် ၉/စကန(နိုင်)၁၀၃၂၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ငွေချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ ) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၃

ဒေါ်ခင်မိုးဆွေ **နှင့်** ဒေါ်ပေါင်ရှောက်မန် (ခ) ဒေါ်ပေါက်ရှာမန်
**(တရားလို)** **(တရားပြိုင် )**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၁x၁၁၂လမ်းကြား၊ ၆၈-အေလမ်း၊ အကွက်(က-၄/၁၁၄) နေ ဒေါ်ပေါင်ရှောက်မန်(ခ) ဒေါ်ပေါက်ရှာမန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မိုးဆွေ က "ကတိအတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မျိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ကေ ၊မြေကွက်အမှတ် (ပ-၂၁၀၉၀)၊ ကိုအမည်ပေါက်ဒေါ်မိမိမော်(ဘ)ဦးရီကြည် ၁၂/ဥကတ(နိုင်)၁၁၉၁၀၈ မှ ဦးဝေသော် (ဘ)ဦးမြင့်သန်း ၁၂/ဥကမ(နိုင်)၂၀၃၅၈၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-II/ကွက်ပြင်-၂)၊ ဦးပိုင်အမှတ်(၁၁၁-ဃ)၊ မြေဧရိယာ ၀ ဒသမ ၃၉ ဧကရှိမြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၂၀၅/၁၉၈၉-၁၉၉၉၀)အရ ဒေါ်နီနီ အမည်ပေါက်ပြီး အဆိုပါအမည်ပေါက် မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဦးထွန်းကြည် ၉/မနမ(နိုင်)၀၆၁၁၄၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက သက်ဆိုင်ရာဌာနဆိုင်ရာရုံးများသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးထွန်းကြည် ၉/မနမ(နိုင်)၀၆၁၁၄၁**
**အကွက်အမှတ် (RA-II/ကွက်ပြင်-၂)၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးစိုးဝင်းဦး ၁၂/သဃက(နိုင်)၀၀၉၄၇၉ (ဘ) ဦးမင်းဟန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၇၃၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၅/၂၀၂၀(၁၉-၃-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်မင်းဦး ၁၄/ဒဒရ(နိုင်)၀၈၄၄၉၄ (ဘ) ဦးတင်မြင့်မှ ဒေါ်နွယ်နီဝင်း ၁၂/ကခက(နိုင်)၀၀၀၅၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၇၁၆

ဦးနိုင်မျိုးထက် (ခ) ဘင်လာဒင် **နှင့်** ဒေါ်ကြူကြူစိန်
**အယူခံတရားလို** **အယူခံတရားပြိုင်**

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၆၉ ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ ဒီကရီကို အယူခံမှု။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပိတောက်လမ်းအနီး၊ ၅၉x၆၀လမ်းကြား၊ ဖ-၈/ ၈၁-က / ၈၂-က နေ အယူခံတရားပြိုင် ဒေါ်ကြူကြူစိန် (ယခုလိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့်ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လကွယ်နေ့)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၄၃၄)၊ ၂၄၀၀၈/ပေ မြေကွက်တည်နေရာ-အမှတ်(၄၃၄)၊ ဘုမ္မာ(၈)လမ်း၊ (ည)ရပ်ကွက်၊ ဦးမောင်မောင်လေး ၁၂/ဥကမ(နိုင်)၀၈၃၈၆၃ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးမောင်မောင်လေး(ဖခင်)သည် ၁၃-၉-၂၀၀၁ ရက်တွင်လည်းကောင်း၊ ဒေါ်သိန်းနွဲ့ (မိခင်)သည် ၁၉-၂-၂၀၁၈ ရက်တွင် လည်းကောင်းအသီးသီး ကွယ်လွန်ခဲ့ကြသဖြင့် ဦးစိုးမိုးဦး ၁၂/ဥကမ(နိုင်)၁၄၄၂၄၀၊ ဒေါ်မျိုးမမဦး ၁၂/ဥကမ(နိုင်)၁၇၆၁၉၄တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍အခြားသော အမွေ ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်- ၁၂/၁၅၂၉/ ၂၀၂၃/၂၈-၁၂-၂၀၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ကတ်၊ နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားသူတစ်ပါးအား ရောင်းချ ထားခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံတင်သွင်းထားခြင်း၊ စွန့်လွှတ်လှူဒါန်း ထားခြင်းတို့မှ ကင်းရှင်းပါကြောင်း၊ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှ တာဝန်ယူကြောင်း ကျမ်းကျိန်လွှာအမှတ်-၈၀၄/၂၀၂၃/၉-၁၁-၂၀၂၃၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင် ဝန်ခံချက်၊ ဝင်စာအမှတ်-၃၆၉၉/၃-၄-၂၀၂၅ရက်စွဲဖြင့် ပေ(၂၀x၆၀)အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မိုးသန္တာနှင့် ပေ(၁၀x၆၀) ဝယ်ယူသူ ဒေါ်ခင်ကြည်တို့နှင့် ပတ်သက်၍ ဦးစိုးမိုးဦး-ဒေါ်မျိုးမမဦး တို့မှ တာဝန်ယူကြောင်းနှင့် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူသူဒေါ်မိုးသန္တာနှင့် ဒေါ်ခင်ကြည်တို့မှလည်း ဦးစိုးမိုးဦး၊ ဒေါ်မျိုးမမဦးတို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ဝန်ခံကတိတို့တင်ပြပြီး၊ ၂၀၀၇ခုနှစ်တွင် လျှောက်ထားခဲ့သော ပိုင်ဆိုင်ကြောင်းနှင့် အရောင်း မြေပုံ မြေရာဇဝင်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း အခြားသူတစ်ပါးအား လွှဲပြောင်း ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်းတို့ လုံးဝ ကင်းရှင်းပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာ အမှတ်-၈၀၁၂/၁၂-၈-၂၀၂၅၊ ဝင်စာအမှတ်-၁၁၂၀၆/၁၅-၁၀-၂၀၂၅ရက်စွဲဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုပြီးပါက ဂရန်မိတ္တူဆက်လက်လျှောက်ရမည်ကို သိရှိကြောင်း ဝန်ခံကတိတို့ ပူးတွဲတင်ပြပြီး ဦးစိုးမိုးဦး၊ ဒေါ်မျိုးမမဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် HSE/2208 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိ၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကေ ၊မြေကွက်အမှတ် (ပ-၃၁၆၀၂)၊ ကိုအမည်ပေါက် ဦးအောင်သန်း (ဘ)ဦးဘိုးကြွယ် ၉/ပမန(နိုင်)၀၁၄၆၃၁မှ ဦးအောင်ကျော်ဇေ(ဘ)ဦးအောင်သိန်း(ခ)အောင်နိုင်မိုး ၁၂/ကတန (နိုင်) ၀၇၆၄၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် -၉၄၀

ဒေါ်လွမ်းနော(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးချမ်းမြေ့ကျော်) **နှင့်**
၁။ ဒေါ်ရှောက်ရှင်
၂။ ဒေါ်နွေးနွေး(ကွယ်လွန်သူ ဦးလှဆိုင်း တရားဝင်ကိုယ်စားလှယ်)
၃။ ဒေါ်ရွှယ်အောင်(ခ) ဒေါ်ခင်ဝင်းကြည်
၄။ ဒေါ်သူဇာအောင်
၅။ ဦးကျော်စွာဝင်း
၆။ ဒေါ်သူဇာထွန်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ကချင်ပြည်နယ်တရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၇/၂၀၂၅ ၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၂၂ ရက်စွဲပါ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လားရှိုးမြို့၊ တရုတ် ခိုလောင်းရပ်ကွက်၊ ရပ်ကွက်(၁၂)၊ အိမ်အမှတ်(၈၄)နေ လျှောက်ထားခံရသူအမှတ်(၁) ဒေါ်ရှောက်ရှင် ( ယခုလိပ်စာမသိသူ) သိစေရမည်။

ဤအမှုတွင် ကချင်ပြည်နယ်တရားလွှတ်တော်၏ အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးမျိုးတင့်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်း နှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၃၇၈ခုနှစ်၊ နတ်တော်လကွယ်နေ့) နံနက် ၁၀နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကိုသင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ် (မ/၃၅၉) မြေဧရိယာ ၀ ဒသမ ၀၈၆ ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ခင်ဆွေဦး ၁၂/မဂတ(နိုင်)၀၂၁၁၁၉ မှ မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူများမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်( ၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ်(မ/၃၄၅)၊ မြေဧရိယာ၀ ဒသမ ၀၈၆ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ညွှန့်ညွှန့်ဆွေ ၉/ပမန(နိုင်) ၀၁၈၈၄၀မှ မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူများမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ်(မ/၃၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၈၆ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ခင်သီတာဝင်း ၁၄/အမန(နိုင်)၀၀၂၀၂၁ မှ မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူများမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်( ၂၀၇၈-က)၊ အုပ်ရှစ်ကုန်းအရှေ့ကွင်း၊ မြေကွက်အမှတ် (မ/၃၄၆)၊ မြေဧရိယာ၀ ဒသမ ၀၈၆ ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးမျိုးဟိန်း ၁၂/လမတ(နိုင်)၀၀၀၅၇၇ မှ မြေငှားဂရန်(အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူများမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## အများသိစေရန် ကြေညာခြင်း

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးသောင်းဌေးဝယ်ယူခွင့်ရရှိထားသော ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ အိမ်ရာ၊ မမ-၁၆၊ တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၃၀၇)သည် ဘဏ်ချေးငွေရယူ၍ အရစ်ကျဝယ်ယူထားသော တိုက်ခန်း ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအတွက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်တွင် ပေးသွင်းရန် ကျန်ရှိသည့် ချေးငွေများအားလုံးကို ပြေကျေစွာပေးသွင်းခဲ့ပြီး ဦးသောင်းဌေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲခန့်ဝင်း (ဘ)ဦးထိန်ဝင်း ၉/အမဇ(နိုင်)၁၄၀၅၄၅ က အပြီးအပိုင်ဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ ယခုအခါ တိုက်ခန်း၏ ပိုင်ဆိုင်မှုပြစာအုပ်အား ကျွန်ုပ်၏မိတ်ဆွေမှ ထုတ်ယူရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ အထက်ပါတိုက်ခန်း ဝယ်ယူခြင်း၊ ပိုင်ဆိုင်မှုပြစာအုပ်ထုတ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ပိုင်ဆိုင်မှုပြစာအုပ်ထုတ်ယူခြင်းကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်စိုးမင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၄၅)**
**၄၈x၁၁၇E လမ်းထောင့်၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၄၁၁၂၅၊ ၀၉-၇၉၃၁၈၈၈၂၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း- ၁၀)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးသောင်းဝင်း၊ ဒေါ်အေးစိန်တို့ ပူးတွဲအမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူများမှ ရောင်းချခဲ့ရာ ဦးအောင်ကျော် ၁၃/ကမန(နိုင်)၁၅၆၇၄၆ က ဝယ်ယူရန်သဘောတူညီခဲ့ပြီး အရောင်းအဝယ်အရပ်ကတိစာချုပ်ကို ၇-၁၂-၂၀၁၇ ရက်တွင် ရောင်းကြေးငွေ အပြည့်အဝပေးချေပြီး အပြီးအပိုင် လက်ရောက်တရားဝင်လွှဲပြောင်း ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေနှင့် ပတ်သက်၍ ဦးအောင်ကျော်မှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း အထွေထွေအထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမရှိပါ။ ထိုကဲ့သို့ ကိစ္စရပ်များပြုလုပ်ထားခြင်းမရှိဘဲ အမည်မသိ လူတစ်ချို့မှ ကျူးကျော်ဝင်ရောက်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများ တွေ့ရှိရပါသဖြင့် ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဖယ်ရှားထွက်ခွာပေးပါရန်နှင့် အကယ်၍ဖယ်ရှားထွက်ခွာခြင်း မပြုလုပ်ခဲ့ပါက ကျူးကျော်ဝင်ရောက်သူအပါဝင် ကျူးကျော်ဝင်ရောက်ရန် စေခိုင်းသူ မည်သူကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲမာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၉)**
**အေးမေတ္တာလမ်း၊ ကုန်းတန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၀၂၆၀၈၄၆၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်နေ ဦးအောင်ကျော်ဦး ၉/မနတ(နိုင်)၀၂၃၆၉၅ ၏ ဖခင်အမည်မှာ ဦးမှတ်ကြီး(ခ)ဦးမှတ်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမှတ်ကြီး(ခ)ဦးမှတ်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်နေ (ဘ)ဦးအုန်းမောင်၏သား မောင်ထွန်းဇော်ဦး ၈/ရနခ(နိုင်)၀၈၀၀၄၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MGY-757159)သည် ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၆၄၀၈၉၉၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၂၂-အေ/ခ၊ မြေကွက်လိုင်စာအမှတ်(၂၂-အေ)၊ ဘရဏီ(၁)လမ်းအထက်၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော "ဒေါ်သန္တာ"အမည်ဖြင့် မှတ်သားတည်ရှိသည့်နှစ်(၆၀)ဂရန်အမျိုးအစားမြေအမျိုးအစား၊ မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်ပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်သန္တာ ၁၂/တမန(နိုင်)၀၁၂၀၃၉ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၂၉-၁၁-၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ ဂရန်မြေကွက်နှင့် နေအိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)**
**အမှတ် (၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၁၂၄၆၊ မြေကွက်လိုင်စာ အမှတ်(၁၂၄၆)၊ ကောလင်းလမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော "ဦးသန့်ဇင်အောင်" အမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်အမျိုးစားပေ(၄၀x၈၀)မှ တရားဝင်မခွဲစိတ်ရသေးသော ပေ(၂၀x၈၀)(ခြေရင်းခြမ်း)မြေကွက်ပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပါမစ်နှင့်တကွဆက်စပ် အရပ်ကတိစာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဦးဝေကျော်ဖြိုး ၈/ပခက(နိုင်)၁၄၂၈၄၇ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၅-၁၀-၂၀၂၅ ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်နှင့် မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)**
**အမှတ်(၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသော ရှေးဟောင်းသမိုင်းဝင်ဒေးစွန်ပါစေတီတော်မြတ်ကြီး၌ ဓါတ်လှေကား တပ်ဆင်ရာတွင် ပါဝင်လှူဒါန်းနိုင်ရေး နိဗ္ဗာန်ရည်စူး နှိုးဆော်လွှာ



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာအုပ်စုတွင်တည်ထားကိုးကွယ်သည့် ရှေးဟောင်းသမိုင်းဝင် ဒေးစွန်ပါစေတီတော်မြတ်ကြီးသို့ ဘုရားဖူးပြည်သူများ ဖူးမြော်ရာ၌ အတက်အဆင်းမတ်စောက်သဖြင့် သက်ကြီးရွယ်အိုများ၊ ရဟန်းရှင်လူပြည်သူများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်နိုင်ရေး ဓါတ်လှေကား ဆောက်လုပ်လှူဒါန်းရန် လိုအပ်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် လှူဒါန်းလိုသည့် ဘုရားဖူးပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ သဒ္ဓါထက်သန်သူ အလှူရှင်များအနေဖြင့် အဆိုပါ ဓါတ်လှေကား တပ်ဆင်ခြင်းလုပ်ငန်းအား တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးရည်မျှော်ကိုး၍ အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ**

| | | | |
|---|---|---|---|
| ၁။ | ဦးမင်းအောင် | ညွှန်ကြားရေးမှူး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၀၉-၆၈၈၈၉၉၀၀၀ |
| ၂။ | ဦးအောင်စိုးမိုး | ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၉-၄၀၇၈၇၇၁၁၃ |

**U Zin Wai Htun , Kpay Acc No. 09254859054**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၉၃)၊ မရမ်းခုံကွင်း၊ ဦးပိုင်အမှတ်(၉၆)၊ ဧရိယာ ၄ ဒသမ ၂၄ဧကရှိ မြေအား ဦးဆန်းမင်း အမည်ဖြင့် ခွင့်ပြုချထားပေးသည့် ၂၈-၈-၂၀၁၅ရက်မှ ၂၈-၈-၂၀၄၅ရက်အထိ (၃၀)နှစ် သက်တမ်းရှိ စက်မှု/စီးပွား မြေငှားဂရန်အား ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ခ(၈)လမ်းနေ ဇနီး ဒေါ်စိုးသန္တာ (ဘ) ဦးမောင်ငွေ ၉/မခန(နိုင်)၁၅၀၆၈၇ အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ခရိုင်ရုံးအမှုတွဲဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာလိုက်သည်။

**ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗုဗ္ဗသီရိမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၄၈၇)၊ ဧရိယာ၀ ဒသမ ၀၈၈ဧကရှိဦးသောင်းဇော်ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ကိုယ်စား ဒေါ်နုနုလွင် (ဘ)ဦးစိန်ရွှေ ၅/မရန(နိုင်)၀၀၃၉၇၆ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၄၈/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ဆန်းဆန်းဦး (ဘ)ဦးစံရွှေ၀ ၁၁/မတန(နိုင်)၀၁၉၅၃၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်-၃၂/ပေါင်းလောင်း(၂)၊ ဦးပိုင်အမှတ်(၁၈၇)၊ အလျား(၄၀)ပေ၊ အနံ (၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ရီရီချို အမည်ပေါက်ဂရန် ဝိုင်းခြံမြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်ရီရီချို၊ (ဘ)ဦးအေးသန်း ၈/ပခက(နိုင်)၁၇၈၆၈၈ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်လေး (ဘ) ဦးအိုက်ကျင် ၁၃/ဆဆန(နိုင်)၀၂၉၂၁၀ မှ ၂၈-၁၁-၂၀၂၅ ရက်က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး အရောင်းအဝယ် ပြုလုပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အထက်ပါ ဦးပိုင်အမှတ်(၁၈၇)မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့ လည်းကောင်း ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်နှင့် အညီဖြစ်ပါသည်။**
**ဒေါ်ခင်လေး (ဘ) ဦးအိုက်ကျင်**
**၁၃/ဆဆန (နိုင်) ၁၂၉၂၁၀**
**သစ်တောရပ်ကွက်၊ တောင်ကြီးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်/၉၃၇၆)**
**ပေါင်းလောင်း(၂)၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၈၉၉၉၅၅၅၆၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၃၆၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းထက် ၁၀/ရမန(နိုင်)၂၀၂၈၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၇၁၃၈၃ ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲ့သက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၁၂၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမျိုးအေး ၁၀/မလမ(နိုင်)၁၉၀၁၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိ (၁၀၀'x ၅၀'x၁၅') (သွပ်၊ သွပ်၊ ကွန်)ရှိသော သိုရုံအမှတ်- ၅၃၊ ၅၄၊ ၅၅ (၃)လုံးတွဲ သိုလှောင်ရုံအား (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ် ချုပ်ဆို၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂-၁၂-၂၀၂၅ရက်မှ ၁၅-၁၂-၂၀၂၅ရက်ထိ |
| (ခ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၁၅-၁၂-၂၀၂၅ရက်၊ ညနေ(၁၆:၀၀)နာရီ |
| (ဂ) | **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** | - | **သတင်းစာတွင် ထပ်မံ ကြေညာမည် မဟုတ်ဘဲ တင်ဒါပုံစံဝယ်ယူထားသူများ ထံသို့ သီးခြား အကြောင်းကြားသွားမည် ဖြစ်ပါသည်** |
| (ဃ) | **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်နေရာ၊ အချိန်** | - | ရုံးအမှတ်(၅၂)၊ နေပြည်တော် - တင်ဒါယှဉ်ပြိုင်ရမည့်ရက်၏ နံနက်(၁၀:၃၀)နာရီ |
| (င) | **စာရင်းပေးသွင်းရမည့်နေရာ** | - | ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| (စ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်။ |
| (ဆ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ရန်ကုန်မြို့။ |
| (ဇ) | **စပေါ်ငွေပေးသွင်းနိုင်သည့် ဘဏ်** | - | တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြပြီးဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နာဂဝင်းရှိ သိုရုံအမှတ်-၅၃၊ ၅၄၊ ၅၅ (၃)လုံးတွဲ သိုလှောင်ရုံအား သက်ဆိုင်ရာ မြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2838 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2838 Mazda Demio H/B ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မာရီ ၉/မနမ(နိုင်)၀၉၂၆၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/9405 Bajaj-200, T/W ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်း ၈/ပခက(နိုင်)၁၉၅၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပီမိုနင်းလမ်း၊ အိမ်အမှတ်-၈၀ တွင် နေထိုင်သော ဒေါ်ဇာဇာလင်း(ဘ)ဦးသောင်းအေး ၈/ရနခ(နိုင်)၀၇၂၈၉၂ သည် MOE KAUNG KIN LOGISTIC MYANMAR COMPANY LIMITED ၏ အစုရှယ်ယာဝင်ဒါရိုက်တာအဖြစ်မှ တရားဝင်အတည်ပြုနုတ်ထွက်ခြင်းကို ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်းနှင့် ကုမ္ပဏီမှ အစုရှယ်ယာရှင် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းသဘောတူညီမှုကတိစာချုပ်ကိုပါ အစုရှယ်ယာရှင် (၃)ဦးလုံးနှင့်အတူ ပြုလုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီနှင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဇာဇာလင်းသည် ပတ်သက်စပ်ဆိုင်မှုများ လုံးဝမရှိတော့ပါကြောင်းနှင့် ကုမ္ပဏီနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်းတို့အား အများပြည်သူသိစေရန် အလို့ငှာ အသိပေး ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်ဇာဇာလင်း(ဘ)ဦးသောင်းအေး**
**၈/ရနခ(နိုင်)၀၇၂၈၉၂**

**လွှဲအပ်ညွှန်းကြားချက်အရ -**
**ဒေါ်နွယ်နီအောင်**
**(LL.B, DBL, DIL, DML, DIPL, DIR)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ် - ၁၆၉၅၉)၊ တိုက်အမှတ် - ၂၄(ဃ)၊ ဒုတိယထပ်၊ ရန်ငြိမ်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉၅၀၀၁၁၀၈၊ ၀၉-၂၆၃၁၃၀၆၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၁၇) မြေကွက်တည်နေရာ-အမှတ် (၆၁၇) အဿက(၂၁)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်အုန်းကျင်စော ၁၂/တမန(နိုင်)၀၇၆၆၀၂၊ ဦးဝင်းမောင် ၁၂/ဥကတ(နိုင်)၀၈၇၉၀၈၊ ဦးထွန်းတင် ၁၂/ဥကတ(နိုင်)၀၅၇၃၁၉၊ မသန်းသန်းနွဲ့ ၁၂/ဥကတ(နိုင်)၀၇၁၅၈၅) အမည်ပေါက်ဒေါ်အုန်းကျင်စော၊ ဦးဝင်းမောင်၊ ဦးထွန်းတင်၊ မသန်းသန်းနွဲ့တို့အား တရားပြိုင်ထား၍ တရားလို ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်မိမိဦး၊ ဒေါ်ဝင်းဝင်းမာတို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့်စွဲဆိုသော တောင်ဥက္ကလာပမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၂၅ ၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၂၈/၂၀၂၅ ၏ အမိန့်တို့အရ တရားရုံးကိုယ်စား ဘိလစ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ မှ တောင်ဥက္ကလာပမြို့နယ် တရားရုံး၏ ၂၄-၆-၂၀၂၅ရက်စွဲပါ ဘိလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြ ...

❖ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို ...

❖ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ် ....

( နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live)ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၃ ရက်နေ့ နံနက် ၇ နာရီ မိနစ် ၃၀ မှစတင်၍ MRTV –HD Channel၊ MWD HD Channel ၊ MWD Variety HD Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ပါဝင်မဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ်အစီအစဉ်များ စတင်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မီဒီယာနည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲတွင် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး **"ဒို့အတူတူမဲပေးကြမယ်"** ရွေးကောက်ပွဲ လှုံ့ဆော်မှုများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေး ဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍

*စာမျက်နှာ ၈ ကော်လံ ၁* ❖



## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာရှိ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၈ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လူနေအဆောက်အအုံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ◆


**ယနေ့ သတင်းအညွှန်း**

**နီပေါနိုင်ငံက သီရိလင်္ကာရေဘေးသင့်ပြည်သူများအတွက် ငွေကြေး အမေရိကန်ဒေါ်လာ နှစ်သိန်း ကူညီပေးမည်ဟုကြေညာ** — နိုင်ငံတကာသတင်း စာ ၁၄

**KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်** — ပြည်တွင်းသတင်း စာ ၁၇